# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြဲစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၃၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြား

### ဟုမ္မလင်းဒေသ၌ လျှပ်စစ်ဓာတ်အား ဖူလုံစွာပေးနိုင်ရေး နမ့်ပငရေအားလျှပ်စစ်စီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး မိမိတို့ဒေသတိုးတက်ရေး အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် မိမိတို့၏ ဇာတိဒေသတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဟုမ္မလင်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။


ယနေ့ *ဖတ်စရာ*

**တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား မြန်မာနိုင်ငံမှ (၇) ရက်အတွင်း ပြန်လည်ထွက်ခွာရန် ခေါ်ယူညွှန်ကြားခဲ့ခြင်း** — ပြည်တွင်းသတင်း စာ ၉

**သဘာဝအလှ၊ သမိုင်းအဓိပ္ပာယ်နှင့် ယုံကြည်မှုတို့ ဆုံစည်းရာ မော်တင်စွန်း** — သတင်းဆောင်းပါး စာ ၂၂







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**❖ စစ်ကိုင်းတိုင်းဒေသကြီး အချို့နေရာများ၌ ဆူပူသောင်းကျန်းမှုများ ပေါ်များခြင်းသည် အသိပညာအားနည်းမှု၊ အတတ်ပညာအားနည်းမှုများနှင့် ဆက်စပ်နေသည်ကို အခြေခံအားဖြင့် တွေ့ရှိနိုင်၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သော်လည်း အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်နေကြခြင်းဖြစ်၊ နိုင်ငံရေးကိုအကြောင်းပြပြီး မိမိတို့၏ ကိုယ်ကျိုးအတွက် နိုင်ငံတော်၏ သယံဇာတများကို တရားမဝင်ထုတ်ယူခြင်းများကို အမြောက်အမြားဆောင်ရွက်လျက်ရှိ၊ အလားတူ လက်နက်အားကိုးဖြင့် ဒေသခံပြည်သူများထံမှ ငွေကြေးများ အတင်းအဓမ္မကောက်ခံပြီး ၎င်းတို့၏ကိုယ်ကျိုးအတွက် အသုံးပြုနေ၊ ထိုသို့လုပ်ဆောင်နေမှုများကြောင့် ဒေသခံပြည်သူများ ဝန်ထုပ်ဝန်ပိုးများဖြစ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတိုက်ဖျက်သွားကြရန်လို**

◆ *ရှေ့ဖုံးမှ*

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်လျက်ရှိမှု စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှု၊ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ ဟုမ္မလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲဝင်းက ဟုမ္မလင်းခရိုင်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့မှုတို့နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့မိမြို့ဖများက ဟုမ္မလင်းမြို့နယ်အား မြို့နယ်အဆင့်မှ ခရိုင်အဆင့်အထိ တိုးမြှင့်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများမှ ဝမ်းမြောက်ကျေးဇူးတင်ရှိလျက်ရှိမှု၊ ဒေသအတွက်လိုအပ်လျက်ရှိသည့် လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုမှု၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိသည့်အတွက် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ သောက်သုံးရေလုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးစေလိုမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအားလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးမှုရှိစေရေးဆောင်ရွက်ပေးစေလိုမှု၊ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ယခုထက် ပိုမိုထိန်းသိမ်းဆောင်ရွက်ပေးစေလိုမှု၊ ဟုမ္မလင်းကောလိပ်အား တက္ကသိုလ်အဆင့် တိုးမြှင့်ပေးစေလိုမှုနှင့်အခြား ဒေသဆိုင်ရာ လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

### တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဟုမ္မလင်းဒေသသို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းများ နေ့အလိုက် ပုံမှန်ပြေးဆွဲဆောင်ရွက်လျက်ရှိမှုနှင့် ခရီးသည်တင် လေကြောင်းလိုင်းများအပြင် ဒေသစားရေးအဆင်ပြေစေရေးအတွက် ကုန်စည်တင် လေကြောင်းလိုင်းများကိုလည်း ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ လေကြောင်းလက်မှတ်များ အခက်အခဲမရှိစေရေးနှင့် ပုံမှန်ဈေးနှုန်းထက် ဈေးမြှင့်တင်ရောင်းချနေသူများအား ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိမှု၊ ဟုမ္မလင်းမြို့ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ဖြေရှင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း လျှပ်စစ်ဓာတ်အားဖူလုံစွာပေးဝေနိုင်ရေးအတွက် နမ့်ပငရေအားလျှပ်စစ်စီမံကိန်းအား ၂၀၂၇ ခုနှစ်တွင် ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ဟုမ္မလင်းဒေသ၏ မြေမျက်နှာသွင်ပြင်အနေအထားအရ မြေနိမ့်ကော်ဖီ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်သည်ဖြစ်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားရန် တိုက်တွန်းလိုမှုနှင့် လိုအပ်သည့် မျိုးများနှင့် သွင်းအားစုများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်ဆွေးနွေးနိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆွေးနွေးညှိနှိုင်း အကူအညီတောင်းခံနိုင်မှု၊ ဟုမ္မလင်းဒေသအတွင်း မြေလွတ်မြေရိုင်းအသုံးချမှုများနှင့် ပတ်သက်၍ နိုင်ငံတော်မှချမှတ်ပေးထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြတောင်းခံဆောင်ရွက်သွားရန် လိုအပ်မှုနှင့်အခြားနည်းဖြင့် သုံးစွဲမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်မှု၊ ဟုမ္မလင်းခရိုင်၏ သစ်တောဖုံးလွှမ်းမှုအား လေ့လာချက်များအရ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းအား ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားနိုင်မှုနှင့် ဝါးမျိုးစုံနှင့် ကြိမ်ထွက်ရှိသည့် ဒေသဖြစ်သဖြင့် ဝါးနှင့်ဝါးအခြေခံအဆင့်မြင့်ထုတ်ကုန်များ၊ ကြိမ်ကုန်ချောထုတ်ကုန်များအား တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မှု၊ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ယခုထက် ပိုမိုထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အခြားလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော် မီးခိုးငွေ့လျော့ကျရေးနှင့် လေထုညစ်ညမ်းမှုလျော့ကျရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မှု၊ ဟုမ္မလင်း - ကတ်သာ - မိုဝိုင်းလွတ် ဆက်သွယ်ရေးလမ်းကြောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဟုမ္မလင်း - ကတ်သာ ဆက်သွယ်ထားသည့်တံတားအား ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်လိုအပ်မှု၊ ဟုမ္မလင်းခရိုင်အတွင်းရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ လိုအပ်သည့်ထောက်ပံ့ကြေးနှင့် ရင်းနှီးမတည်ငွေများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာပေးဝေနိုင်ရေးအတွက် နမ့်ပငရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ ဓာတ်အားလိုင်းသွယ်တန်းရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံ ထည့်သွင်းတည်ဆောက်ရေး လုပ်ငန်းများအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိမှု၊ ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများအား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြား

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ဟုမ္မလင်းဒေသအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်သွားရန် လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း၊ ဥပမာတစ်ခုအနေဖြင့် ပညာရေးပိုင်းနှင့် ပတ်သက်၍ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းနေဆဲဖြစ်ပြီး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းပါက အသိပညာပိုင်း၌လည်း အားနည်းချက်များရှိနေဦးမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရာ၌ နှောင့်နှေးနေဦးမည်ဖြစ်ကြောင်း၊ အသိပညာအတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာအတတ်ပညာကြွယ်ဝသည့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

လူသားအရင်းအမြစ်များ များစွာရရှိခြင်းအားဖြင့် ဒေသနှင့်နိုင်ငံ၏ အနာဂတ်ကောင်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော နည်းလမ်းလေးသွယ်ဖြင့်ပြည့်စုံပါက အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာနည်းလမ်းများအစား စနစ်ကျနသည့် ခေတ်မီနည်းစနစ်များ အသုံးချဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများ တိုးမြှင့်လာမည်ဖြစ်ကြောင်း၊ စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ဒေသန္တရစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းထက် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ဒေသန္တရ ကြက်၊ ဝက်၊ နွားများ ကို မိရိုးဖလာနည်းဖြင့်မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူသွားမည်ဆိုပါက ဒေသ၏ စားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ စားသောက်ရေးအတွက် အသား၊ ငါးများ၊ သောက်သုံးရေများနှင့် ရိက္ခာများကို ဖူလုံစွာရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဟုမ္မလင်းဒေသတွင် ဆန်ဖူလုံမှုရှိကြောင်း၊ အရည်အသွေးကောင်းသည့် စပါးများ စိုက်ပျိုးရန်လိုကြောင်း၊ ရေလိုအပ်ချက်နှင့်ပတ်သက်၍ ချင်းတွင်းမြစ်နှင့် ချောင်းမြောင်းများ ပေါများစွာတည်ရှိသဖြင့် အဆိုပါ မြစ်ချောင်းများမှရေများကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေနှင့် သောက်သုံးရေများလုံလောက်စွာရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့အသုံးချနိုင်ရန်အတွက် အတတ်ပညာများ လိုအပ်ကြောင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

အလားတူ ဒေသတွင်းလျှပ်စစ်ဓာတ်အား ဖူလုံစွာပေးဝေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နမ့်ပငရေအားလျှပ်စစ်စီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသခံများအနေဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတန်းပညာ၊ အတတ်ပညာများ တတ်မြောက်သည့် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်သဖြင့် ဒေသအလိုက် မွေးထုတ်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် နိုင်ငံတော်မှ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ မိမိတို့၏ဇာတိဒေသတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ဒေသအတွင်း စားသောက်ကုန်များနှင့် လူသုံးကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများကိုလည်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။

ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် အသုံးပြုနိုင်ကြောင်း၊ ဒေသတွင်း ပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု ကဏ္ဍမြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်း တိုးတက်စေရေး မျိုး၊ မြေ၊ ရေ၊ နည်း ကိုအခြေခံပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရိက္ခာနှင့်ပတ်သက်၍ ဒေသတွင်း၌ မီးဖိုချောင်သုံး သီးနှံများကိုလည်း စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ဟုမ္မလင်း)ကို ဖွင့်လှစ်ထားရှိသော်လည်း တက်ရောက်သူနည်းပါးပြီး မွေးမြူရေးပညာရပ်နှင့်ပတ်သက်၍ တက်ရောက်သူလုံးဝမရှိသဖြင့် မွေးမြူရေးပညာရပ်ပါ တက်ရောက်သင်ကြား၍ ဒေသ၏မွေးမြူရေးကို အထောက်အကူပြုနိုင်သည့် လူသားအရင်းအမြစ်များ ရရှိအောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်စေရေး ဈေးကွက်သုတေသနပြုခြင်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးပညာရပ်များကို တတ်မြောက်သည့် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ စီးပွားရေးပညာရပ်များကို တက္ကသိုလ်၊ ကောလိပ်များ၌ သင်ကြားပေးနေကြောင်း၊ မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နည်းပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝစေရေး Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အချို့နေရာများ၌ ဆူပူသောင်းကျန်းမှုများ ပေါများခြင်းသည် အသိပညာ အားနည်းမှု၊ အတတ်ပညာ အားနည်းမှုများနှင့် ဆက်စပ်နေသည်ကို အခြေခံအားဖြင့် တွေ့ရှိနိုင်ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သော်လည်း အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကိုအကြောင်းပြပြီး မိမိတို့၏ ကိုယ်ကျိုးအတွက် နိုင်ငံတော်၏ သယံဇာတများကို တရားမဝင်ထုတ်ယူခြင်းများကို အမြောက်အမြား ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လက်နက်အားကိုးဖြင့် ဒေသခံပြည်သူများထံမှ ငွေကြေးများ အတင်းအဓမ္မကောက်ခံပြီး ၎င်းတို့၏ ကိုယ်ကျိုးအတွက် အသုံးပြုနေကြကြောင်း၊ ထိုသို့လုပ်ဆောင်နေမှုများကြောင့် ဒေသခံပြည်သူများ ဝန်ထုပ်ဝန်ပိုးများဖြစ်နေသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတိုက်ဖျက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ယခင်ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင် နိုင်ငံတော်၏ အကျိုးအတွက် သက်ဆိုင်ရာအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အစိုးရတာဝန် ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့်ပါတီအား နိုင်ငံတော်၏ တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း (၃)ပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် မိမိတို့အနေဖြင့် မဲစာရင်းများ မှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုများကို အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များ မရှိစေရေး အားလုံးဝိုင်းဝန်းဆန့်ကျင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လိုအပ်သဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဟုမ္မလင်းဒေသသို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ တတ်နိုင်သမျှ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းပြေးဆွဲမှုများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟုမ္မလင်းဒေသတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ရှမ်းအမျိုးသားယဉ်ကျေးမှုအဖွဲ့၊ ချင်းအမျိုးသားယဉ်ကျေးမှုအဖွဲ့နှင့် နာဂအမျိုးသားယဉ်ကျေးမှုအဖွဲ့များမှ တိုင်းရင်းသားများက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ တိုင်းရင်းသား ရိုးရာလက်ဆောင်ပစ္စည်းများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**○ နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုများကို အမြဲမပြတ်ဆောင်ရွက်လျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များ မရှိစေရေး အားလုံးဝိုင်းဝန်းဆန့်ကျင် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို**






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့်တပ်မတော်သားများလိုအပ်

- ❖ **စွမ်းရည်၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
- ❖ **တိုက်စွမ်းအားနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ ရှိ ရေယာဉ်၊ လေယာဉ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် တပ်မတော်(ကြည်း)အတွက် လိုအပ်သည့် ယာဉ်ယန္တရားများ၊ လက်နက်အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့်လျော်ညီသည့် စစ်ဘက်နည်းပညာများအား အဆင့်မြှင့်တင်ဖြည့်ဆည်းခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိ**

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

### တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင်အကြမ်းဖက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများလျော့ပါးသွားခဲ့သော်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နှစ်နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ခဲ့မှုမရှိကြောင်း။

အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းနှင့် မန္တလေးငလျင်ကြီး စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် နယ်မြေဒေသအလိုက် တပ်မတော်အရာရှိကြီးများကို သီးခြားတာဝန်များပေးအပ်ပြီး ဆောင်ရွက်ခဲ့ရာ ခြောက်လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တိုင်းပြည်အခြေအနေ တိုးတက်လာသည်နှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ ရွေးကောက်ပွဲကို အပိုင်း(၃) ပိုင်းခွဲပြီး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများ မှန်ကန်စွာရရှိစေရေးအတွက်လည်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း မဲမသမာမှုများကို လုပ်ဆောင်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) များကို အသုံးပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ပြည်သူလူထုနှင့် ထိတွေ့မှုအများဆုံးရှိပြီး ပြည်သူလူထုက ယုံကြည်အားကိုးသည့် ပါတီများ အနိုင်ရရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

### စွမ်းရည်၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများ မည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနေရသည်ကို သမိုင်းကြောင်းအထောက်အထားများအရ သိရှိနိုင်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှ ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် အဆင့်မြင့်နည်းပညာများကို အသုံးချလာကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့တွင် ခေတ်နှင့်အညီနည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့သည် ညီနောင်တပ်ဖွဲ့များအဖြစ် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ **တိုက်စွမ်းအားနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ရှိ ရေယာဉ်၊ လေယာဉ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် တပ်မတော် (ကြည်း) အတွက် လိုအပ်သည့် ယာဉ်ယန္တရားများ၊ လက်နက်အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့်လျော်ညီသည့် စစ်ဘက်နည်းပညာများအား အဆင့်မြှင့်တင်ဖြည့်ဆည်းခြင်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

နိုင်ငံတော်နှင့် တပ်မတော်မှဖြည့်ဆည်းပေးထားသော တိုက်စွမ်းအားနှင့် ခေတ်မီလက်နက်နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာအသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် **အမြဲလေ့လာ၊ လေ့ကျင့်၊ လိုက်နာ**ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ အလားတူ မိမိတို့အသုံးပြုရသည့် စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးချနိုင်ရေး အမြဲလေ့ကျင့်နေကြရန်လိုကြောင်း၊ ခေတ်သစ်စစ်နည်းဗျူဟာများကို အမြဲလေ့လာပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် စစ်နည်းဗျူဟာများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် ဖြစ်ပျက်ပြောင်းလဲနေသည့် အခြေအနေများအလိုက် တပ်မတော်အနေဖြင့် ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာပေးမှုများ၊ သုတေသနပြုမှုများကို အမြဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ **စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့် တပ်မတော်သားများလိုအပ်သဖြင့် စွမ်းရည်ရှိသည့်တပ်မတော်သားများဖြစ်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။**

### နိုင်ငံ့စီးပွားတိုးတက်ရေးဝိုင်းဝန်းဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ထက်ဝက်ခန့်မှာ စိုက်ပျိုးမွေးမြူရေး

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၅ မှ*

လုပ်ငန်းများကို ဆောင်ရွက်ကြပြီး အဆိုပါလူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ ထို့ကြောင့် ကျေးလက်ကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများတိုးတက်လာစေရေး မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပညာတတ်လူသားအရင်းအမြစ်များလိုအပ်ခြင်းကြောင့် တစ်နိုင်ငံလုံး၏ ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို တစ်နိုင်ငံလုံးတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အားလုံးက အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကို အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

- **စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့် တပ်မတော်သားများလိုအပ်သဖြင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး ဆောင်ရွက်သွားကြရန်လို**
- **တပ်မတော်သားများအားလုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်သွားကြရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အင်ပြည့်အားပြည့်ထမ်းဆောင်**

**နိုင်ငံတော်နှင့်တပ်မတော်၏အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်**

တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်း ထမ်းဆောင်ရသည့် တာဝန်များအလိုက် ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့်လည်း မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် တာဝန်ကျေပွန်ရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်ရမည့် တာဝန်များကို ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်ခြင်းအားဖြင့် တပ်မတော်၏အရည်အသွေး၊ တပ်မတော်၏ အဆင့်အတန်းကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ၏ ဘဝတိုးတက်စေရေးအတွက်လည်း ပညာရေးအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရသော လူသားအရင်းအမြစ်များဖြစ်စေရေးအထိ မျှော်မှန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့သားသမီးများ၏ ဘဝအတွက်သာမက နိုင်ငံတော်၏အကျိုးအတွက်ပါ ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ **တပ်မတော်သားများအားလုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏အကျိုးကို တတ်နိုင်သမျှအကောင်းဆုံးထမ်းဆောင်သွားကြရန်**နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အင်ပြည့်အားပြည့် ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် လေ့ကျင့်သရုပ်ပြမှု ကြည့်ရှုအားပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

မြစ်ကြီးနားမြို့ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စည်ပင်သာယာဈေး(၁)နှင့် (၂)ကြား၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်မီးသတ်ဦးစီးမှူးက ဈေးများတွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် အခြေအနေများနှင့် ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးရေးလုပ်ငန်းများ၊ သတိပြုလိုက်နာရမည့် အချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ၏ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ လက်တွေ့သရုပ်ပြသခြင်းများကို ကြည့်ရှုအားပေးကာ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ၁၅ သိန်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။(ဓါတ်ပုံ)

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဧရာဝတီမြစ်လယ်ရှိ နောင်တာလောရေလယ်ကျွန်း၌ ဝိုင်းမော်မြို့နယ် နောင်တာလော ကျေးရွာအုပ်စု ကမ်းဘက်၌ သဲသောင်ဖြစ်ပေါ်မှု၊ သဲနုန်းပို့ချမှုကြောင့် နောင်တာလောကျွန်း Secondary Channal တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် တိုင်းတာရှင်းလင်းဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေလယ်ကျွန်းပေါ်ရှိ ရှင်းလင်းဆောင်၌ သဲသောင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းများတွင် ဗလမင်းထင်တံတားအောက် သဲသောင်တူးဖော်ခြင်းနှင့် နောင်တာလောရေလယ်ကျွန်း Secondary Channal တူးဖော်ဆောင်ရွက်နိုင်ရေး သတ်မှတ်ထားသည့် ဒီဇိုင်း၊ အတိုင်းအတာတို့ကိုလည်းကောင်း၊ လုပ်ငန်းရှင်များက သောင်တူးဖော်ခြင်းလုပ်ငန်း အစီအမံများနှင့် လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်(၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်(၈၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်ရုံး)နှင့် ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍ စတင်ဖွင့်လှစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများက "ထာဝရ မြန်မာ့အသံ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

**စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က MRTV DVB–T2 နှင့် MRTV DTH စနစ်တို့တွင် ပုဂ္ဂလိကရုပ်သံလိုင်း Channel အသစ် သုံးခုဖြစ်သည့် Uni TV HD Channel ၊ SNDSY Entertainment HD Channel နှင့် Channel 24 တို့ စတင်တိုးချဲ့ထုတ်လွှင့်မှုနှင့် ပုဂ္ဂလိက DTH ရုပ်သံဝန်ဆောင်မှုလုပ်ငန်းအသစ်ဖြစ်သည့် Softtech – DTH စနစ် စတင်ထုတ်လွှင့်မှုတို့အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် "နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်မီဒီယာ"




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော MRTV DVB–T2 နှင့် MRTV DTH စနစ်တို့တွင် ပုဂ္ဂလိကရုပ်သံလိုင်း Channel အသစ် သုံးခုဖြစ်သည့် Uni TV HD Channel ၊ SNDSY Entertainment HD Channel နှင့် Channel 24 တို့ စတင်တိုးချဲ့ထုတ်လွှင့်မှုနှင့် ပုဂ္ဂလိက DTH ရုပ်သံဝန်ဆောင်မှုလုပ်ငန်းအသစ်ဖြစ်သည့် Softtech – DTH စနစ် စတင် ထုတ်လွှင့်မှုတို့အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားသည့် နိုင်ငံတော်မီဒီယာဌာနတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်ကျေပွန်ခဲ့ပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သည့်ဌာနတစ်ခုအဖြစ် နှစ်(၈၀) ပြည့်တိုင် သမိုင်းမော်ကွန်းမှတ်တိုင်ကို ဝင့်ကြွားစွာ စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါတွင်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နုပျိုသစ်လွင်၍ သွက်လက်ထက်မြက်ပြီး ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် မူလရည်မှန်းချက်(၃)ရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန်တာဝန်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်တင်ဆက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် မီဒီယာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား တပ်စခန်းနေရာများအထိ သွားရောက်ဖျော်ဖြေ၍ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့သည့်ဒေသများနှင့် ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည့် ပြည်သူများ အပန်းဖြေစိတ်ခွန်အားသစ်များရရှိစေရန် ဖျော်ဖြေပေးခြင်းအပါအဝင် နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ တိုးတက်အောင်မြင်စေရန် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း။

အလားတူ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ ကာလရှည်ကြာစွာ လက်တွဲနေထိုင်ခဲ့ကြသည့် မိမိတို့နိုင်ငံအပေါ် ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်မီဒီယာများက နည်းမျိုးစုံအသုံးပြုလုပ်ကြံဝါဒဖြန့်ကာ နိုင်ငံတော်ပြိုကွဲအောင်ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အနေဖြင့် အချင်းချင်း ယုံကြည်လေးစားမှု၊ နားလည်မှုများအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ကြရမည်ဖြစ်ပြီး မီဒီယာကဏ္ဍမှလည်း လုပ်ကြံဝါဒဖြန့်မှု၊ သတင်းတု သတင်းမှားများကို မီဒီယာစွမ်းအားဖြင့်ချေဖျက်ပြီး သတင်းမှန်ပြန်ကြားပေးနိုင်အောင် အလေးထားဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

ခေတ်အဆက်ဆက် MRTV ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မီဒီယာကဏ္ဍမှ တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်ဝန်ထမ်းများအနေဖြင့်လည်း သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ဆက်လက်ထမ်းရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ အားထားရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပေးနေသော စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် နှစ်(၈၀) ပြည့်မှသည် ရှေ့ရာစုနှစ်ပေါင်းများစွာတိုင် အောင်မြင်မှုများစွာဖြင့် ရှင်သန်ရပ်တည်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

**ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း/ ပြည်ပပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် နယ်မြေအခြေအနေအရ ခေတ္တရပ်နားခဲ့ရသောဒေသများရှိ ရုပ်သံလွှင့်စက်ရုံများ အမြန်ဆုံး ပြန်လည်ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့်တွဲဖက်၍ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နေပြည်တော်စာပေဝိုင်းတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်စာပေဝိုင်းကို ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အဆိုပါစာပေဝိုင်းသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်(စာရေးဆရာကိုကိုလှိုင်)၊ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာမကြီး တင်ရီမ(ညောင်ဦး)၊ နေပြည်တော်စာပေဝိုင်းနာယက၊ အမျိုးသားစာပေဆုရှင် အလင်္ကာကျော်စွာ ချစ်နိုင်(စိတ်ပညာ)၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဗိုလ်မှူးကြီး ဒေါက်တာ အောင်ကျော်ဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ၊ ဆရာမများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

**မုဒိတာစကားပြောကြား**

ဦးစွာ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဗိုလ်မှူးကြီး ဒေါက်တာ အောင်ကျော်ဦးက ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားပြီး စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)သို့ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် (Agent) ဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်အား မုဒိတာစကား ပြောကြားသည်။



**မှန်မှန်ကန်ကန် သိရှိနားလည်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ)တွင် ရင်ဆိုင်နေရသည့် အမှုကိစ္စရပ်နှင့်စပ်လျဉ်း၍ အခြေခံအကြောင်းရင်းများဖြစ်သော ရခိုင်ပြည်နယ်မြောက်ပိုင်း၏ သမိုင်းရာဇဝင်နှင့် ပထဝီဝင်တည်ရှိမှုအခြေအနေ၊ သမိုင်းကြောင်းဆိုင်ရာ အလှည့်အပြောင်းများနှင့် အငြင်းပွားမှုများသည် လက်ရှိကာလဖြစ်ရပ်များအပေါ်တွင်သာ အခြေခံသည် မဟုတ်ဘဲ ဒေသတွင်း၏ နှစ်ပေါင်းများစွာကတည်းက ဖြစ်တည်ခဲ့သည့် သမိုင်းကြောင်းဆိုင်ရာ အလှည့်အပြောင်းများနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း၊ အထူးသဖြင့် ကိုလိုနီခေတ်အတွင်း ဗြိတိသျှတို့၏ နယ်မြေပိုင်းခြားသတ်မှတ်မှုပုံစံများ၊ စီမံခန့်ခွဲမှုစနစ်များနှင့် ယင်းခေတ်ကာလအတွင်း လူဦးရေရွှေ့ပြောင်းအခြေချမှုဖြစ်စဉ် သမိုင်းကြောင်းများသည် လက်ရှိဖြစ်ပေါ်နေသည့် အငြင်းပွားမှုများ၏ အဓိက အခြေခံအချက်များဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၏ ပထဝီဝင်တည်ရှိမှုအခြေအနေများကို ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးနှင့် ထိစပ်နေသည့် ပထဝီဝင်အနေအထားအရ ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများ၊ နယ်စပ်ဒေသအတွင်း လူဦးရေစီးဆင်းမှုဖိအားများ၊ ပထဝီဝင်အကန့်အသတ်များကြောင့် ဖြစ်ပေါ်လာသည့် လုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာကိစ္စရပ်များသည် နိုင်ငံတကာစင်မြင့်တွင် မြန်မာ့ရပ်တည်ချက်ကို ခုခံချေပရာ၌ မရှိမဖြစ်လိုအပ်သည့် အချက်အလက်များဖြစ်ကြောင်း၊ အချက်အလက်အမှန်များကို နိုင်ငံတကာက သိရှိနားလည်စေရန် ကြိုးပမ်းရုံသာမက ပြည်တွင်းရှိ ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၏ ဖြစ်တည်မှုသမိုင်းနှင့် ပထဝီဝင်အနေအထားများကို မှန်မှန်ကန်ကန် သိရှိနားလည်ထားရန် အမျိုးသားအကျိုးစီးပွားအတွက် အရေးကြီးကြောင်း၊ စာပေဝိုင်းများမှတစ်ဆင့် ဗဟုသုတဖြန့်ဝေခြင်းနှင့် ယခုကဲ့သို့ စာပေဝိုင်းတွင် ဆွေးနွေးခြင်းတို့သည် စာပေဝါသနာရှင်များနှင့် ပညာရှင်များအကြား နိုင်ငံတကာရေးရာနှင့် သမိုင်းကြောင်းဆိုင်ရာ ဗဟုသုတများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သိရှိစေရန်ရည်ရွယ်၍ ဆွေးနွေးဟောပြောခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ကြကာ နေပြည်တော်စာပေဝိုင်း ဂုဏ်ထူးဆောင် နာယကဆရာမကြီး တင်ရီမ(ညောင်ဦး)က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၈၀)ပြည့် အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းများအတွက် ဗလာမပါ ကံစမ်းမဲများ ချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်(တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "အားလုံးချစ်သည် MRTV" တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။




**ဆက်လက်ထိန်းသိမ်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှစ် (၈၀)ပြည့် အခမ်းအနားမှသည် နောင်နှစ်ပေါင်းများစွာ MRTV ၏ ဂုဏ်သိက္ခာကိုဝန်ထမ်းအားလုံးက ဆက်လက်ထိန်းသိမ်းပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်မီဒီယာဖြစ်အောင် ဝိုင်းဝန်းကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တံဆိပ်အား ပြည်ထောင်စုဝန်ကြီးထံ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းညွှန်ကြားရေးမှူးချုပ်က ဂါရဝပြုပေးအပ်သည်။(ဝဲပုံ)

**ဂုဏ်ပြုဆုများပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းလုပ်သက်(၃၅) နှစ် ပြည့်မြောက်သည့် ဝန်ထမ်းငါးဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသော ဝန်ထမ်း ၃၉ ဦးအနက်မှ ကိုယ်စားလှယ်တစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်တွင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ဝန်ထမ်း နှစ်ဦးနှင့် ဌာနခွဲများအလိုက် အစီအစဉ်ထုတ်လုပ်မှု ထူးချွန်ဆုရရှိခဲ့သော ဝန်ထမ်း လေးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းတည်းဖြတ်ထုတ်လွှင့်မှု ထူးချွန်ဆု၊ သတင်းတင်ဆက်မှု ထူးချွန်ဆု၊ ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာ ထူးချွန်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆုနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဗလာမပါကံစမ်းမဲဖွင့်ဖောက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအတွက် ဗလာမပါကံစမ်းမဲများကို ဖွင့်ဖောက်၍ ပေးအပ်ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "ရှင်သန်နေမည် MRTV" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့သည်။

**သတင်းစဉ်**

# ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) မျက်နှာစုံညီအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ (International Cooperation Review Group – ICRG) အစည်းအဝေးများကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။**(ယာပုံ)

အစည်းအဝေးများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရေးအစီအမံ (Action Plan)ပါအချက်များကို ပြည်တွင်းလူ့စွမ်းအားအရင်းအမြစ်များဖြင့် ဆောင်ရွက်ခဲ့ရာ ကြီးမားစွာလိုက်နာဆောင်ရွက်ခြင်း အဆင့်သတ်မှတ်ချက်(၁၀) ချက်ထိ တိုးမြှင့်ရရှိလာခဲ့ကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် (၅)ချက်ကို အချိန်ကာလသတ်မှတ်၍ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေပိုင်းဆိုင်ရာမူဘောင်များ ပိုမိုခိုင်မာမှုရှိစေရန် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) ၏ အကြံပြုချက်များနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ယုံကြည်အပ်နှံမှုအက်ဥပဒေများကို ပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း၊ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေကိုလည်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ကြောင်း။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို အသစ်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဥပဒေပြဋ္ဌာန်းပြီးပါက ကျန်ရှိသည့် Action Plan (၅) ချက်သည် တိုးတက်မှုရှိလာမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်အတွင်း အပြည့်အဝအကောင်အထည်ဖော် လိုက်နာဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ကြုံတွေ့လာနိုင်သည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ပြည်ပမှကျွမ်းကျင်ပညာရှင်များ၏ နည်းပညာအကူအညီများ ရယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံကို အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(APG)က အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းကို ၂၀၂၉-၂၀၃၀ တွင် ဆောင်ရွက်မည်ဖြစ်သဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးစေလိုကြောင်း၊ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ စိတ်အားထက်သန်မှု (Political Will)နှင့် နိုင်ငံရေးအရ အဆင့်မြင့်အရာရှိကြီးများ၏ သန္နိဋ္ဌာန်ချမှတ်ထားမှု (High-level Political Commitment) တို့အပါအဝင် တိုးတက်ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးခဲ့သည်။

ICRG အစည်းအဝေးတွင် အာရှပစိဖိတ်ပူးတွဲအဖွဲ့(Asia Pacific Joint Group–APJG) တွဲဖက်သဘာပတိက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ (၁၆) ကြိမ်မြောက်တင်ပြသည့် တိုးတက်မှုအစီရင်ခံစာတွင် လက်ငင်းရလဒ်(၈ ဒသမ ၁) ဖြစ်သည့် "ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိမှုများနှင့်အညီ ပြစ်မှုကျူးလွန်ရာမှရရှိသော အကျိုးအမြတ်များ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များနှင့် တန်ဖိုးတူညီသည့် အခြားသောပစ္စည်းများကို သိမ်းဆည်းခြင်း/ ထိန်းချုပ်ခြင်းနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်" ဆိုသည့်အချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အဆင့်မှ တစ်စိတ်တစ်ပိုင်း လိုက်နာဆောင်ရွက်ခြင်းအဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း ဆွေးနွေးပြီး မြန်မာနိုင်ငံအနေဖြင့် APJG ၏ မျက်နှာချင်းဆိုင်အစည်းအဝေးများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။




ထို့နောက် အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering– APG) မှ အမှုဆောင်အတွင်းရေးမှူးက မြန်မာနိုင်ငံအနေဖြင့် FATF နှင့် APG အပါအဝင် အခြားနိုင်ငံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုမှု အပြည့်အဝရှိကြောင်းနှင့် အားနည်းချက်များကို ပြုပြင်ရန် နိုင်ငံရေးအရ အဆင့်မြင့်အရာရှိကြီးများကိုယ်တိုင် စိတ်အားထက်သန်မှုရှိသည်ကို ပြသခဲ့ကြောင်း၊ နည်းပညာအကူအညီပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးပြီး အစည်းအဝေးသို့တက်ရောက်လာသည့် အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် တိုးတက်ဆောင်ရွက်မှုနှင့် ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုသင့်ပါကြောင်းနှင့် ကျန်ရှိသည့် Action Plan များ ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် အချိန်ထပ်မံပေးသင့်ကြောင်း ထောက်ခံဆွေးနွေးကြသည်။

ICRG အစည်းအဝေးတွင် ဆွေးနွေးချက်များအရ မြန်မာနိုင်ငံဆိုင်ရာတင်ပြချက်ကို FATF မျက်နှာစုံညီအစည်းအဝေး၌ ဆက်လက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့်အချက်များအပေါ် တိုးတက်လိုက်နာဆောင်ရွက်မှုများရှိခြင်းကြောင့် Public Statement တွင် တိုးတက်မှုများ ဆက်လက်နှောင့်နှေးနေသည် ဆိုသည့်စာသားကို ပယ်ဖျက်၍ မြန်မာနိုင်ငံအား မူလအတိုင်း အလေးထားစိစစ်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းတွင်ပင် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်မှ ၄၇ နှစ်အရွယ် အမျိုးသား တစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှ ၆၂ နှစ်အရွယ် အမျိုးသား တစ်ဦးတို့ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်လှစ်ခဲ့ရာ သွေးရောဂါအထူးကုဌာန၌ ရိုးတွင်းခြင်ဆီအစားထိုးကုသဌာနကို ပိုမိုပြည့်စုံ ကောင်းမွန်သောဌာနအဖြစ် တိုးချဲ့ထည့်သွင်း တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ရိုးတွင်းခြင်ဆီ အစားထိုးကုသမှုပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်အတွင်း လူနာ ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်အထိ လူနာ လေးဦး စုစုပေါင်း လူနာ ၂၉ ဦးကို ကုသပေးနိုင်ခဲ့သည်။

ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်းကို ပြည်ပနိုင်ငံများတွင် ပြုလုပ်ပါက ကျန်းမာရေး ကုန်ကျစရိတ်များစွာ ကုန်ကျနိုင်ပြီး ပြည်သူများ ကျန်းမာရေးကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်း၌ ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား မြန်မာနိုင်ငံမှ (၇)ရက်အတွင်း ပြန်လည်ထွက်ခွာရန် ခေါ်ယူညွှန်ကြားခဲ့ခြင်း

တီမောလက်စ်တေအစိုးရက ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်း မပြုရေးမူအပါအဝင် အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း စာဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့ခြင်းကြောင့် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကိစ္စအပေါ် မြန်မာနိုင်ငံက မိမိ၏ မူလရပ်တည်ချက်ကို ပြန်လည်သုံးသပ်ခဲ့ပြီးနောက် အာဆီယံ၏တူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်ခဲ့သည်။ သို့ရာတွင် တီမောလက်စ်တေအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးသည့် နောက်ပိုင်းကာလများတွင်လည်း ၎င်း၏ကတိကဝတ်များနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရသည်။

တီမောလက်စ်တေသမ္မတသည် မြန်မာတပ်မတော်အရာရှိကြီးအချို့အပေါ် တရားစွဲဆိုသည့် ချင်းလူ့အခွင့်အရေးအဖွဲ့၏ ကိုယ်စားလှယ်ဆိုသူများကို ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံအကြီးအကဲတစ်ဦးက အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ဆန့်ကျင်နေသည့် တရားမဝင်အဖွဲ့အစည်းတစ်ခုနှင့် ထိတွေ့ဆက်ဆံခဲ့ခြင်းသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့်အပြင် အဆိုပါအပြုအမူသည် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်တို့တွင် ဖော်ပြပါရှိသည့် အခြေခံမူများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား ၁၆-၁-၂၀၂၆ ရက်တွင် ဆင့်ခေါ်၍ အဆိုပါအပြုအမူကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသိပေးပြီး တီမောလက်စ်တေအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာရန်နှင့် တီမောလက်စ်တေ၏ အပြုသဘောမဆောင်သည့် အပြုအမူအပေါ် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပြန်လည်ပေးပို့ပေးရန် တောင်းဆိုခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အခြေအနေကို နီးကပ်စွာ ဆက်လက်လေ့လာစောင့်ကြည့်၍ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တီမောလက်စ်တေ၏ သဘောထားရပ်တည်ချက် ပြောင်းလဲခြင်းမရှိပါက ပိုမိုပြင်းထန်သည့် အစီအမံများကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် သတိထောက်လွှာတစ်စောင်ကိုလည်း တီမောလက်စ်တေသံရုံး ယာယီတာဝန်ခံနှင့် တွေ့ဆုံစဉ် ပေးအပ်ခဲ့သည်။ ဆက်လက်၍ အာဆီယံ၏ အခြေခံမူများနှင့် အလေ့အထများကို ဖောက်ဖျက်သည့် တီမောလက်စ်တေ၏အပြုအမူများကို ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချသည့် သတင်းထုတ်ပြန်ချက်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၁၈-၁-၂၀၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် ၂၉-၁-၂၀၂၆ ရက်တွင် တွေ့ဆုံစဉ် တီမောလက်စ်တေ၏အပြုအမူကို ပြစ်တင်ရှုတ်ချသည့် မြန်မာအစိုးရ၏ ရပ်တည်ချက်သဘောထားကို ထပ်မံအသိပေးခဲ့ပြီး တီမောလက်စ်တေအစိုးရအနေဖြင့် ၎င်း၏ ကတိကဝတ်များနှင့်အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုယိုယွင်းသွားစေနိုင်သည့် အရေးကိစ္စများအား ရှောင်ရှားနိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပေးပို့ရန် ထပ်မံတောင်းဆိုခဲ့ရာ ဝန်ကြီးက ဖြေရှင်းချက်ကို တစ်ပတ်အတွင်းပေးပို့မည်ဟု ကတိပြုခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တီမောလက်စ်တေဘက်မှ ပေးပို့လာမည့် ဖြေရှင်းချက်ကို စောင့်ဆိုင်းနေသည့်ကာလအတွင်း တီမောလက်စ်တေအစိုးရသည် ချင်းလူ့အခွင့်အရေးအဖွဲ့၏ တရားစွဲဆိုမှုကို လက်ခံ၍ အမှုကိုလေ့လာကြည့်ရှုရန် ဝါရင့်ရှေ့နေတစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း ဖော်ပြပါရှိသည့် သတင်းများကို စိတ်ပျက်ဖွယ်ရာတွေ့ရှိရသည်။ တရားစွဲဆိုမှုကိုလက်ခံသည့် အလားတူဖြစ်စဉ်မျိုး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ယခင်က မရှိခဲ့ဖူးသဖြင့် ဤဖြစ်စဉ်သည် ယခင်ကမရှိခဲ့ဖူးသည့် အစဉ်အလာနှင့် အပြုသဘောမဆောင်သည့်ဘက်မှ အဓိပ္ပာယ်ကောက်ယူမှုများကို ဖြစ်ပေါ်စေခဲ့သည့်အပြင် မြန်မာပြည်သူများ၏ နာကြည်းခံပြင်းမှုများကိုလည်း ပိုမိုမြင့်တက်စေခဲ့သဖြင့် နောက်ဆုံးတွင် အကျိုးဆက်အဖြစ် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ လက်ရှိနှစ်နိုင်ငံဆက်ဆံရေးအပေါ် မလိုလားအပ်သည့် တန်ပြန်ဆိုးကျိုးများ သက်ရောက်စေခဲ့သည်။

ယခင်ကလည်း အကြိမ်ကြိမ် ထောက်ပြပြောဆိုခဲ့သည့်နည်းတူ တီမောလက်စ်တေသမ္မတ၏ အပြုသဘောမဆောင်သည့် ပြုမူဆောင်ရွက်ချက်များနှင့် ချဉ်းကပ်မှုပုံစံများသည် အာဆီယံပဋိညာဉ်ပါအခြေခံမူများ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်မဟုတ်သည့် အခြားနိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုတို့ကို ခြိမ်းခြောက်ရေးအတွက် မိမိ၏ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပြုခြင်းမှ ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည့် ပဋိညာဉ် အပိုဒ် ၂၊ အပိုဒ်ခွဲ ၂ (က)၊ (င) နှင့် (ဋ) ပါ အချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရတို့အကြား ဆက်ဆံရေးကောင်းမွန်မှုရှိသော်လည်း တီမောလက်စ်တေသမ္မတအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မကြာခဏ ဝင်ရောက်စွက်ဖက်နေသည့်အတွက်ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ရန်ကုန်မြို့ရှိ တီမောလက်စ်တေသံရုံးယာယီတာဝန်ခံ မစ္စတာ အဲလီစီယို ဒို ရိုဆားရီရို ဒီ ဆော်ဆာ အား ၁၃-၂-၂၀၂၆ ရက်တွင် ဆင့်ခေါ်၍ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း (၁၉၆၁) အပိုဒ် ၉ နှင့်အညီ ၂၀-၂-၂၀၂၆ ရက်မတိုင်မီ မြန်မာနိုင်ငံမှ အပြီးအပိုင်ထွက်ခွာရန် ၎င်းအား ညွှန်ကြားခဲ့ပြီး အကယ်၍ တီမောလက်စ်တေအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် ၎င်း၏ ရပ်တည်ချက်သဘောထားများ ပြောင်းလဲခြင်းမရှိသေးပါက ပိုမိုပြင်းထန်သည့်အစီအမံများ ထပ်မံချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံများအကြား တန်းတူရည်တူရှိရေး၊ အပြန်အလှန်လေးစားရေး၊ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ အချုပ်အခြာအာဏာလေးစားရေးနှင့် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ပါအခြေခံမူများကို လေးစားလိုက်နာရေး စသည့်မူဝါဒများအပေါ်တွင်အခြေပြု၍ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထိန်းသိမ်းထားရှိရန် ဆက်လက်ကတိကဝတ်ပြုသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

## ရွှေဘိုခရိုင်အကျဉ်းဦးစီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရွှေဘို ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့ အမှတ်(၁၀) ကုန်းဘောင်ရပ်ကွက်ရှိ ရွှေဘိုအကျဉ်းထောင်၌ ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် ခရိုင်အကျဉ်းဦးစီးဌာနရှိတာဝန်ခံအရာရှိက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြှိမ်းသတ်ရေး ဆိုင်ရာများနှင့် 191 Report Application ထည့်သွင်းဆောင်ရွက်၍ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ဆိုင်ရာသတင်းပေးပို့မှုများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလင်းက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ရွှေဘိုမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မြတ်တိုး ဦးဆောင်သော ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုနှင့် ဂက်စ်အိုးမီးလောင်မှုကို မီးသတ်ဆေးဘူး၊ ရေစိုအဝတ်တို့ဖြင့် ငြှိမ်းသတ်ခြင်း၊ မီးငြှိမ်းသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်မှုတို့အား လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၅**

ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေး၌ ယနေ့ နံနက် ၁၀ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ ကျောက်ဆည်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဦးက မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများနှင့် မီးလောင်မှုအမျိုးအစားများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် သန္နေတပ်ဖွဲ့ဝင်များက အေးမြကြည်လင်ဈေး၌ တာဝန်ထမ်းဆောင်နေသော စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးရောင်းပြည်သူများနှင့်အတူ အဝတ်အစိုဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းများ သရုပ်ပြလေ့ကျင့်ပြီး မီးသတ်ကားဖြင့် မီးငြှိမ်းသတ်ခြင်းများ လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ သက်မောင်(ကျောက်ဆည်)



**PDF Game**
**ဆော့ကစားခြင်းကြောင့်**
**ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှား စေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့ အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းမှသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆီသို့...

*ကျေးလက်-ညီညီ*

စာရေးသူသည် ၂၆-၁၁-၂၀၂၃ မှ ၁၀-၁၂-၂၀၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများအား စာတွေ့၊ လက်တွေ့လေ့လာခဲ့ပြီး မြန်မာနိုင်ငံရှိ ကျေးရွာတစ်ရွာတွင် အိမ်ထောင်စု ၃၀ ရွေးချယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ထောက်ပံ့ကာ အမှန်တကယ်ဆောင်ရွက်မည့် စီမံကိန်းဒီဇိုင်းရေးဆွဲပေးပို့ခဲ့ရာ ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ သုံးစွဲခွင့်ရရှိသဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာတွင် ဆောင်ရွက်ခဲ့ပါသည်။



လာအိုနိုင်ငံ Xaythany ခရိုင် Don Iye ကျေးရွာ ချည်ထည်ပန်းထိုးလုပ်ငန်းသို့ သွားရောက်လေ့လာစဉ်။

### အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးစီမံကိန်း(SEP)

လေ့လာရေးခရီးစဉ်တစ်လျှောက်မှ မှတ်သားခဲ့ရသည့် ပြည့်စုံဖူလုံသော စီးပွားရေးဆိုသည်မှာ ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှု၊ စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံထားသည့် အတွေးအခေါ် ဒဿနတစ်ခုဖြစ်ပါသည်။ Sufficiency Economy Philosophy (SEP)သည် ကိုယ်တိုင်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပိုမိုအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေပြီး အသိပညာဗဟုသုတ၊ အမြော်အမြင်များ အသုံးပြု၍ ဆောင်ရွက်ရသော ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာနှင့် မွန်မြတ်သော အကျင့်သီလကို ဘဝလမ်းညွှန်အဖြစ် အသုံးပြုရမည်ဖြစ်ကြောင်း၊ ဉာဏ်ပညာအမြော်အမြင်ရှိခြင်းနှင့် ဖွဲ့လုံ့လဝီရိယရှိခြင်းသည် မိမိဘဝတစ်သက်တာတွင် စစ်မှန်သည့် ပျော်ရွှင်မှုရရှိစေရေး ဦးတည်သွားမည့် သိသာထင်ရှားသည့် အချက်ဖြစ်ပါကြောင်းနှင့် ယင်းအချက်များကို အခြေခံထားသည့် SEP ကို ကျင့်သုံး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အမှန်တကယ်ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် အောင်မြင်မှုများရရှိနေသည်ကို မျက်ဝါးထင်ထင်အားကျဖွယ် လေ့လာသိရှိခဲ့ရပါသည်။

### စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေး စီမံကိန်း (SEP)အား မြန်မာနိုင်ငံတွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ယင်းစီမံကိန်းမှ ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာတွင် အကျိုးခံစားမည့် အခြေခံအိမ်ထောင်စု ရွေးချယ်ဆောင်ရွက်ရာ၌ အောက်ဖော်ပြပါ ရွေးချယ်ရေးစံသတ်မှတ်ချက်များနှင့်အညီ အများစုသဘောတူညီသည့် အခြေခံအိမ်ထောင်စု ၃၀ ကို ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်-

(က) စီမံကိန်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်ရှိသည့် အိမ်ထောင်စု မိသားစုဝင်ငွေနည်းသည့် အိမ်ထောင်စု၊

(ခ) ထိခိုက်လွယ်သည့် အိမ်ထောင်စု၊

(ဂ) ကျေးရွာတွင် အမြဲတမ်းနေထိုင်သည့် အိမ်ထောင်စု (ကျေးရွာတွင် အနည်းဆုံး တစ်နှစ်နှင့်အထက် နေထိုင်သည့် အိမ်ထောင်စု)၊

(ဃ) ပညာရေး၊ ကျန်းမာရေးနှင့် အခြား ဖွံ့ဖြိုးရေးအခွင့်အလမ်း နည်းပါးသည့် အိမ်ထောင်စု။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်ဝန်းသုံးခု (စက်ဝန်းတစ်ခုလျှင် ခြောက်လ) စုစုပေါင်းစီမံကိန်းကာလ ၁၈ လ သတ်မှတ်၍ ၂၀၂၄ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းမှ အခြေခံအိမ်ထောင်စု ၃၀ အား ရွေးချယ်၍ ၎င်းတို့ ကြိုက်နှစ်သက်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး ၁၄ ဦးနှင့် မွေးမြူရေး ၁၆ ဦးရှိပြီး တစ်အိမ်ထောင်စုလျှင် သွင်းအားစုတန်ဖိုး၊ စင်တန်ဖိုးနှင့် ခြံတန်ဖိုးများအတွက် ငွေကျပ် ၂၈၀၀၀၀ ထောက်ပံ့ဆောင်ရွက်ပေးခဲ့ပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် (ခရမ်း၊ ပဲတောင့်ရှည်၊ ပဲစောင်းလျား၊ ချဉ်ပေါင်၊ ကန်စွန်း၊ ပုံလုံ၊ ခဝဲ၊ ဖလံတောင်ဝေ့းပင်များ) အဓိကစိုက်ပျိုးပြီး ရာသီအလိုက်သီးနှံများလည်း စိုက်ပျိုးကြပါသည်။ မွေးမြူရေးကဏ္ဍတွင် ကြက်၊ ဝက်၊ ဆိတ်များ မွေးမြူလျက်ရှိကြပါသည်။ စီမံကိန်းပထမစက်ဝန်းအား ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် စီမံကိန်းပထမစက်ဝန်းပြီးစီး၍ အခြေခံအိမ်ထောင်စု ၃၀ မှ ထောက်ပံ့ရန်ပုံငွေ၏ တစ်ဝက်အား ကျေးရွာကော်မတီမှတစ်ဆင့် ကျေးရွာစာရင်းရှင်အကောင့်သို့ ပြန်လည်ပေးသွင်း၍ အဆိုပါထောက်ပံ့ရန်ပုံငွေ၏ တစ်ဝက်ကို အခြေခံအိမ်ထောင်စု ၁၅ စု ထပ်မံရွေးချယ်၍ စီမံကိန်းဒုတိယစက်ဝန်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း ဒုတိယစက်ဝန်း ခြောက်လပြည့်ပါက ထပ်မံ၍ အိမ်ထောင်စု ခုနစ်စု ရွေးချယ်ပြီး စီမံကိန်းတတိယစက်ဝန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ စုစုပေါင်း အခြေခံအိမ်ထောင်စု ၅၂ စုမှ တိုက်ရိုက်အကျိုးကျေးဇူးခံစားရရှိစေမည်ဖြစ်ပါသည်။ စီမံကိန်း တတိယစက်ဝန်းပြီး၍ အိမ်ထောင်စု ခုနစ်စုမှ ထောက်ပံ့ငွေ၏ တစ်ဝက်ကို ကျေးရွာကော်မတီသို့ ပြန်လည်ပေးသွင်းပြီးပါက အဆိုပါရန်ပုံငွေအား အများသဘောတူညီမှုဖြင့် ကျေးရွာမှ လိုအပ်သည့် ဖွံ့ဖြိုးရေးကဏ္ဍတွင် အသုံးပြုသွားရန် စီစဉ်ထားရှိပါသည်။

ယင်းစီမံကိန်းမှ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတွင် စီမံကိန်းစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးသင်တန်း၊ စိုက်ပျိုးရေးမွေးမြူရေးသင်တန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်းများ ပို့ချပေးခဲ့သဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည်များ မြင့်မားလာပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် များစွာအထောက်အကူပြုလျက်ရှိပါသည်။ ထို့အပြင် စာရေးသူတို့ စီမံကိန်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ပေးသဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုသင်တန်းများပို့ချပေးပြီး လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရုံသာမက သန့်ရှင်းသာယာလှပပြီး နေချင့်စဖွယ် ကျေးရွာလေးတစ်ရွာအဖြစ် ဖန်တီးပုံဖော်ပေးနိုင်ခဲ့ပါသည်။

### ကမ္ဘောဒီးယားနိုင်ငံသို့ စီမံကိန်းတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ် သွားရောက်ခဲ့မှု

ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ထောက်ပံ့ရန်ပုံငွေဖြင့် မဲခေါင်-လန်ချန်းနိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုပပျောက်ရေးစီမံကိန်းများ (SEP)၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် မျှဝေဖလှယ်ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုအားကောင်းလာစေရန်နှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအား လေ့လာနိုင်ရန် ထိုင်းနိုင်ငံမှ ဦးဆောင်၍ စီမံကိန်းတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်အား ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံမှ စာရေးသူဦးဆောင်၍ ကိုယ်စားလှယ်အဖွဲ့ လေးဦးသည် ၁၅-၇-၂၀၂၄ ရက်နေ့မှ ၁၉-၇-၂၀၂၄ ရက်နေ့အထိ သွားရောက်ခဲ့ကြပါသည်။

အဆိုပါခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် SEP စီမံကိန်းဆောင်ရွက်လျက်ရှိသည့် Dom ကျေးရွာနှင့် Preal ရွာတွင် အိမ်ထောင်စုများမှ အမှိုက်အမျိုးအစားများတွင် ပုလင်းခွံ၊ ပလတ်စတစ်ဘူးခွံ၊ သတ္တုပစ္စည်းနှင့် မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များဟူ၍ အမှိုက်အမျိုးအစား လေးမျိုးခွဲခြားကာ စနစ်တကျစွန့်ပစ်ခြင်း၊ ရောင်းချခြင်း၊

*စာမျက်နှာ ၁၁ သို့*



ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာ စိုက်ပျိုးရေးလုပ်ငန်း။

**"ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာဆွေးနွေးခြင်းမှသည် မြန်မာနိုင်ငံ ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများ၏ ဖွံ့ဖြိုးရေးကဏ္ဍများဆီသို့ လှမ်းချီလာနိုင်ခဲ့ပြီး စီမံကိန်းတစ်ခုမှစ၍ ထပ်ဆင့်ထပ်ဆင့် တိုးပွားဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုသည့်အတွက် များစွာအကျိုးရှိသော ခရီးစဉ်တစ်ခုဖြစ်"**

*စာမျက်နှာ ၁၀ မှ*

အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန် အိမ်တိုင်းတွင် အမှိုက်အိတ်များ ပြုလုပ်ပေးထားခြင်း၊ အမှိုက်သိမ်းပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အိမ်တိုင်ရာရောက် အမှိုက်ဝယ်ယူမည့် အဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး စွန့်ပစ်အမှိုက်မှ ပုံမှန်ဝင်ငွေရရှိစေသဖြင့် အောင်မြင်သော စီမံကိန်းဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ယင်းလေ့လာရေးခရီးစဉ်၏ အလုပ်ရုံဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မတူညီသည့် Design အမျိုးမျိုးဖြင့် SEP စီမံကိန်းများ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများအား အပြန်အလှန် ဝိုင်းဝန်းဆွေးနွေး၍ ပိုမိုပြည့်စုံ ကောင်းမွန်သည့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းဒီဇိုင်းပုံစံများအား လေ့လာသိရှိနားလည်ခဲ့ကြပါသည်။

စာရေးသူအနေဖြင့် အဆိုပါ လေ့လာရေးခရီးစဉ်မှ တွေ့ရှိချက်များအပေါ် အခြေခံ၍ ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းဒီဇိုင်းကို ပြင်ဆင်ရေးဆွဲ၍ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာတွင် SEP စီမံကိန်းအား နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ပြခဲ့ရာ ခွင့်ပြုချက်များရရှိ၍ ဒုတိယမြောက်အဖြစ် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**လာအိုနိုင်ငံသို့ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ် သွားရောက်ခဲ့မှု**

စာရေးသူနှင့်ကိုယ်စားလှယ် သုံးဦးပါ အဖွဲ့သည် ၁၈-၁၁-၂၀၂၄ မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အထိ ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနက ကြီးမှူးကျင်းပသည့် SEP စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်သို့ သွားရောက်ခဲ့ကြပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် SEP စီမံကိန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အလေ့အကျင့်ကောင်းပုံစံများ၊ အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ချက်များအား အပြန်အလှန်မျှဝေဖလှယ်ဆွေးနွေးခဲ့ကြသဖြင့် ဗဟုသုတများစွာ ရရှိစေခဲ့ပြီး မိမိတို့နိုင်ငံရှိ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပြန်လည်အသုံးချသွားစေနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုစေသည့် လေ့လာရေးခရီးစဉ်ဖြစ်ခဲ့ပါသည်။

လေ့လာရေးခရီးစဉ်အနေဖြင့် လာအိုနိုင်ငံ၏ SEP စီမံကိန်းကို စဉ်ဆက်မပြတ် လူနေမှုအဆင့်အတန်းမြင့်မားစေရေး စီမံကိန်းအမည်ဖြင့် Xaythany ခရိုင်ရှိ Don Iye ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများ လက်တွေ့သွားရောက် လေ့လာရာတွင် ဘဲမွေးမြူရေးလုပ်ငန်းနှင့် စွန့်ပစ်အမှိုက်လုပ်ငန်း၊ ချည်ထည်ပန်းထိုးလုပ်ငန်းများ၏ လက်တွေ့ဆောင်ရွက်မှု အခြေအနေများအား လေ့လာခွင့်ရရှိခဲ့သလို ဘဲမွေးမြူရေးလုပ်ငန်းတွင် မြေနေရာအနည်းငယ်ရှိရုံဖြင့် သန့်ရှင်းသပ်ရပ်စွာ မွေးမြူနိုင်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုး၍ နည်းစနစ်တကျ ဆောင်ရွက်ပေးမှုများ၊ ချည်ထည်ပန်းထိုးလုပ်ငန်းအနေဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် စာတွေ့၊ လက်တွေ့များ သင်ကြားပို့ချပေးကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လေ့လာဝယ်ယူနိုင်သည့် ဈေးကွက်ရရှိပြီး အောင်မြင်မှုများ ရရှိလျက်ရှိပါသည်။ မှိုစိုက်ပျိုးရေးလုပ်ငန်းတွင်လည်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို စာတွေ့ လက်တွေ့ သင်ကြားပေးကာ လိုအပ်သော နည်းပညာ၊ သွင်းအားစုများ၊ အဆောက်အအုံများ ပံ့ပိုးပေး၍ မှိုစိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီး အကျိုးအမြတ်များ ရရှိလျက်ရှိသည်ကို လက်တွေ့လေ့လာသိရှိခဲ့ရပါသည်။

စာရေးသူသည် ယင်းလေ့လာရေးခရီးစဉ်အတွင်း ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လေ့လာတွေ့ရှိချက်များ၊ ဗဟုသုတများစွာကို SEP စီမံကိန်းဒီဇိုင်း၌ ပေါင်းစပ်ထည့်သွင်း၍ မြန်မာနိုင်ငံတွင် တတိယမြောက် SEP စီမံကိန်းအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟင်းခါးကုန်းကျေးရွာ၌ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၁ သန်းဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆင့်ပွားအောင်မြင်မှုများ**

လေ့လာရေးခရီးစဉ်များမှ တွေ့ရှိချက်များအပေါ် အခြေခံပြီး ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာ၌ လက်ရှိအကောင်အထည်ဖော်ပြီး အောင်မြင်မှုအသီးအပွင့်များ ရရှိနေပြီဖြစ်သည့် ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း(SEP)တစ်ရွာမှ ထပ်ပွားအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ လှပဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ရန်ပုံငွေကျပ် ၂၁ သန်းစီဖြင့် စာရေးသူအထက်မှာ ဖော်ပြခဲ့ပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ရှိ ကျေးရွာတစ်ရွာစီတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့ရှိ ကျေးရွာတစ်ရွာစီတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာဆွေးနွေးခြင်းမှသည် မြန်မာနိုင်ငံ ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများ၏ ဖွံ့ဖြိုးရေးကဏ္ဍများဆီသို့ လှမ်းချီလာနိုင်ခဲ့ပြီး စီမံကိန်းတစ်ခုမှစ၍ ထပ်ဆင့်ထပ်ဆင့် တိုးပွားဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေသည့်အတွက် များစွာအကျိုးရှိသော ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါကြောင်း တွေ့ရှိရပါသည်။

**သုံးသပ်ချက်**

စာရေးသူတို့အဖွဲ့အနေဖြင့် တစ်နှစ်တာကာလအတွင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ တစ်ဆက်တည်း သွားရောက်ခဲ့ရသည့်အတွက် ပြည်ပအတွေ့အကြုံများရရှိခဲ့ပြီး နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုရိုးရာအမွေအနှစ်များကို လေ့လာတွေ့ရှိခဲ့ရခြင်း၊ နိုင်ငံအသီးသီးက ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ခဲ့ကြသည့်အတွက် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်ခြင်း၊ လိုက်ပါလေ့လာခွင့်ရသည့် ဝန်ထမ်းများ၊ ရွာသားများအနေဖြင့် စီမံကိန်းအောင်မြင်မှုအသီးအပွင့်များကို မျက်မြင်မြင်တွေ့ခွင့်ရသည့်အတွက် Motivation များရရှိပြီး စီမံကိန်းလုပ်ငန်းများကို ပိုမိုစိတ်ဝင်စားလာကြကာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်လာနိုင်ခြင်း၊ စီမံကိန်းအတွေ့အကြုံများကို ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများသို့ ပြန်လည်မျှဝေနိုင်ခြင်း၊ မဲခေါင်-လန်ချန်းနိုင်ငံများမှ အဖွဲ့ဝင်ကိုယ်စားလှယ်များအချင်းချင်း တွေ့ဆုံခွင့်ရသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးချစ်ခင်မှု၊ ယုံကြည်အားကိုးမှု၊ အပြန်အလှန် ရိုင်းပင်းကူညီဆောင်ရွက်ပေးလိုမှုနှင့် နားလည်မှုများ ပိုမိုရှိခဲ့သည့်အတွက် များစွာအကျိုးပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတို့တွင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် SEP စီမံကိန်းများမှ targeted အိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ထဲထဲဝင်ဝင် ကြိုးပမ်းဆောင်ရွက်ကြသဖြင့် အမှန်တကယ် ထိရောက်အောင်မြင်မှုများ ရရှိခဲ့ပြီး အိမ်ထောင်စုများ၏ လူမှုစီးပွားဘဝများ တိုးတက်ရုံသာမက ယင်းအောင်မြင်မှုများကို အခြားသောအိမ်ထောင်စုများက အားကျအတုယူ၍ လိုက်လံဆောင်ရွက်သဖြင့် စီမံကိန်းမှ သတ်မှတ်ထားသည့် targeted အခြေခံအိမ်ထောင်စုများအပြင် အခြားသော အိမ်ထောင်စုများပါ စီးပွားရေးတိုးပွားလာကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက် အကျိုးရှိသော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများလည်း တစ်ပါတည်း ဆောင်ရွက်ပေးသဖြင့် သန့်ရှင်းသာယာလှပသော ကျေးရွာဖြစ်စေခြင်းသာမက ကျေးရွာ၏ ကျန်းမာရေးကဏ္ဍကိုပါ တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်ခဲ့ပါသည်။ ထိုသို့ အောင်မြင်မှုများ ရရှိဖြစ်ထွန်းနေမှုအပေါ် အခြားသောကျေးရွာများက အတုယူလိုက်လံဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများအဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်လာရသည့်အတွက် ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းမှာသည် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆီသို့ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည့် ဖွံ့ဖြိုးရေးအသီးအပွင့်များ ခံစားရသည့် စီမံကိန်းတစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကချင်ပြည်နယ် ရွှေကူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ယာယီဥက္ကဋ္ဌ ရဲမှူး မြင့်ဇော်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးခင်ဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်နီမောင်နှင့် ဝန်ထမ်းများ၊ ဈေးတာဝန်ခံများနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များနှင့် ဈေးရောင်းသူ၊ ဝယ်သူများ မီးဘေးအန္တရာယ် ကြုံတင်ကာကွယ်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက်က မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြစဉ်။
မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများလျော့နည်းကျဆင်းလာစေရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်က ဒေါနဘွားရပ်ကွက် အကွက်အမှတ် (၁၃)ရှိ လူနေအိမ်များအား အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ မီးသုံးစွဲမှုအခြေအနေများ စစ်ဆေးစဉ်။
၂၂၁



## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်နေမှုနှင့် လျှော်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအနီးရှိ နေပြည်တော်အုတ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စက်ရုံ၏ ဘဏ္ဍာရေးနှစ်အလိုက် အရှုံးအမြတ်အခြေအနေကို ဆွေးနွေးတင်ပြပြီး စက်ရုံအတွင်း အုတ်စိမ်းထုတ်လုပ်နေမှုနှင့် လက်ရှိထုတ်လုပ်နေသည့် Top Burning System မှ ပိုမိုကောင်းမွန်သည့် မြေကြီးတွင် ကျောက်မီးသွေးရောစပ်၍ အုတ်ကျက်ထုတ်လုပ်မည့် Internal Burning System ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လိုက်လံရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကုန်ထုတ်လုပ်မှုအား အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရန်နှင့် အရှုံးမဖြစ်ပေါ်စေရေးအတွက် ကြိုတင်တွက်ချက်ဆောင်ရွက်ထားရန် မှာကြားသည်။



**စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် ဥဿာသိဒ္ဓိရပ်ကွက်အတွင်းရှိ နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် တည်ဆောက်နေသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အတွင်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြုနိုင်ရေး၊ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ရေးနှင့် လျှော်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်သည့် လေးခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ တည်ဆောက်နေမှု၊ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီလမ်း ဇီဇဝါအပိုင်းမှ ရွှေကြာပင်လမ်းအထိ နိုင်လွန်ကတ္တရာ (AC) ခင်းကျင်းနေမှုအခြေအနေများနှင့် ရွှေကြာပင်လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းကြား လမ်းမျက်နှာပြင် မညီညာခြင်းအား ကျောက်ကတ္တရာဖြင့် ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ပြီး လုပ်ငန်းအပိုင်းလိုက် အမြန်ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ရေး၊ လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့ကို စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။

**ရေရှည်တည်တံ့စေရန် ပြုပြင်ထိန်းသိမ်း**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာ တိုက်အမှတ် ၂၂၃၊ ဗလသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၂၃၉၂၊ သုခသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၃၃၉၈/ ၃၃၉၉ တိုက်များ လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအဆင့်ဆင့်ကို အမြန်ပြီးစီးစေရန်နှင့် ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင်အသုံးပြုရေး၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ပညာရေးဒီဂရီကောလိပ် မြတ်ဆရာပူဇော်ပွဲ တက်ရောက်

**လွိုင်ကော် ဖေဖော်ဝါရီ ၁၅**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကောလိပ် ကယားသဇင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၊ နည်းပြများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက “အာစရိယဂုဏောအနန္တော” သီချင်းဖြင့် အဖွင့်သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြတ်ဆရာပူဇော်ပွဲအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ဒေသကွပ်ကဲရေးမှူးက ပူဇော်ခံ ဆရာကြီး ဆရာမကြီးများအတွက် အလှူငွေများနှင့် ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးက ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာသည့် ပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပကြသည်။



ယမန်နေ့ နံနက်ပိုင်းကလည်း (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို လွိုင်ကော်မြို့ ကန္တရဝတီဂေါက်ကွင်း၌ ကျင်းပရာ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ကန္တရဝတီဂေါက်ကလပ် နာယကတို့က Smoke ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်ကစားသမား ၆၈ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ညနေပိုင်းတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို လွိုင်ကော်မြို့ ကန္တရဝတီဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားအကြီးတန်းနှင့် အငယ်တန်း ပထမဆုရရှိသူများ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို ဆုတံဆိပ်နှင့် ဆုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ သဲဖြူနှင့် မဟာမြိုင်တောရဆရာတော်ထံမှ ပရိတ်တရားတော်နာယူပွဲကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၅**

သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညာဇောတ မဟာထေရ်မြတ်ထံမှ ပရိတ်တရားတော်နာယူပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်နာယူကြည်ညို**

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်နာယူကြည်ညိုကြသည်။

ဦးစွာ သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဓမ္မပူဇာအလှူငွေများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟိုင်းကြီးကျွန်းမြို့အဝင် ရေလမ်းကောင်းမွန်စေရန်၊ ဟိုင်းကြီးချောင်းအတွင်း ရေယာဉ်များ ဝင်ထွက်သွားလာရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်နှင့် ငဝန်မြစ်မှ နုန်းအနည်အနှစ်များ ကျရောက်မှုကို ထိန်းသိမ်းနိုင်ရန် နုန်းတားတမံတည်ဆောက်မှု၊ နုန်းတားကျောက်စီလှိုင်းရေကာ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ လှာကမြင်ကွက်သစ်၌ လှာကမြင်အားကစားကွင်း၊ ဖွဲ့ကပင်အားကစားရုံ အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးဖွင့်လှစ်နိုင်ရေး မှာကြားသည်။

ထို့နောက် ဘားအံမြို့ လှာကမြင်(ကွက်သစ်) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် တည်ဆောက်လျက်ရှိသော ကျောင်းဆောင်သစ်များ တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုအခြေအနေနှင့် မဲဘောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းများတွင် စာသင်ခန်း၊ စာသင်ဆောင်၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများနှင့် ရေ၊ မီး၊ မိလ္လာ ပြည့်စုံလုံလောက်မှု ရှိ မရှိ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘားအံတက္ကသိုလ်ပရဝဏ်အတွင်း Recreation Center (အပန်းဖြေရိပ်သာ) တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ယူတည်ဆောက်သည့်ကုမ္ပဏီတို့က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ မြေယာရှုခင်းများ စနစ်တကျဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ် ဆေးသမားကြီးIDP စခန်း၌ အဆောက်အအုံများနှင့် ရေတုံကင်များတပ်ဆင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ဆေးသမားကြီးIDP စခန်း၌ အဆောက်အအုံများနှင့် ရေတုံကင်များ တပ်ဆင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးတာဝန်ခံက ဆေးသမားကြီး IDP စခန်းတွင် သစ်တိုင်၊ ထရံကာ၊ သွပ်မိုးဖြင့် အလျား ၄၅ ပေ၊ အနံပေ ၃၀၊ အဆောက်အအုံ ၁၈ လုံး ဆောက်လုပ်ခြင်း၊ ရေတုံကင် ၁၈ လုံး တပ်ဆင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အဆောက်အအုံများနှင့် ရေတုံကင်များ တပ်ဆင်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် စခန်းအတွင်းရှိ ပြည်သူများ ပြန်လည်နေရာချထားမည့် အစီအမံများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများမှ ဦးဆောင်ကာ စနစ်တကျ နေရာချထားနိုင်ရေး၊ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောနိုင်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများ စနစ်တကျ စီမံထားရှိနိုင်ရေး အလေးပေးဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စခန်းအတွင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ ရေတုံကင်များ တပ်ဆင်ပြီးစီးမှုနှင့် ရေရရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**



# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊
( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မဟာမိတ်များ၏ ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

အမေရိကန်နှင့် ဥရောပသည် အတူတကွ ရှိကြသည်ဟု အလေးပေးပြောကြားခဲ့ပြီး မဟာမိတ်များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ကာကွယ်ရေးစွမ်းရည်ကို ဖြည့်တင်းရန် လိုအပ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို က ပြောကြားသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြုလုပ်သည့် မြူးနစ် လုံခြုံရေးညီလာခံ ဒုတိယနေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့သည်။ မြူနစ်လုံခြုံရေးညီလာခံကို ကမ္ဘာ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အမေရိကန်နှင့် ဥရောပတို့ကြား မကြာသေးမီက သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာစဉ်ယခုကဲ့သို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။ ဥရောပနိုင်ငံများကို ရည်ညွှန်းပြောကြားရာတွင် ၎င်းတို့၏ အနာဂတ်နှင့် အမေရိကန်၏ အနာဂတ်ကို အလေးအနက်ထား ဂရုစိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ကျွန်ုပ်တို့၏ မဟာမိတ်များ အားနည်းနေခြင်းကို မလိုလားသကဲ့သို့ မဟာမိတ်များ




အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို။

အားနည်းခြင်းသည် ကျွန်ုပ်တို့ကိုပါ အားနည်းစေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသည့် မဟာမိတ်များကိုလိုလားကြောင်းနှင့် သို့မှသာ ကျွန်ုပ်တို့၏ စုပေါင်းအင်အားကို မည်သူကမျှ စမ်းသပ်နိုင်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အလေးပေးပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### တရုတ်နိုင်ငံက ဖေဖော်ဝါရီ ၁၇ ရက်မှစတင်ကာ ကနေဒါနှင့် ဗြိတိန်နိုင်ငံသားများကို ဗီဇာကင်းလွတ်ခွင့်ပေးမည်

နယ်စပ်ဖြတ်ကျော် ခရီးသွားလာမှု ပိုမိုအဆင်ပြေစေရန်အတွက် ဖေဖော်ဝါရီ ၁၇ ရက်မှစတင်ကာ ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့မှ ပုံမှန်ပတ်စ်ပို့ဖြင့် တရုတ်နိုင်ငံသို့ လာရောက်မည့်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ပေးရန် တရုတ်နိုင်ငံက ဆုံးဖြတ်ခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောသည်။

ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့မှ ပုံမှန် ပတ်စ်ပို့ကိုင်ဆောင်ထားသူများသည် စီးပွားရေးလုပ်ငန်း၊ ခရီးသွားလာရေး၊ မိသားစုမိတ်ဆွေများထံ အလည်အပတ်အစရှိသည့် ရည်ရွယ်ချက်များဖြင့် တရုတ်နိုင်ငံသို့ လာရောက်ပါက ဗီဇာကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး ရက်ပေါင်း ၃၀ အထိ ဗီဇာကင်းလွတ်ခွင့်ရရှိမည်ဟု အဆိုပါပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ သိရသည်။ အဆိုပါမူဝါဒသည် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီအချိန်အထိ သက်ရောက်မှုရှိမည်ဟု အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**ဆင်ဟွာ**

### ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့တွင် ဓားထိုးမှုဖြစ်ပွား

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့ရှိ ဒိုတွန်ဘိုရီခရိုင်တွင် ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက ဓားထိုးမှုဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်စဉ်နှင့်ဆက်စပ်၍ အသက် ၂၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို လူသတ်မှုသံသယဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးသွားသည့် အဆိုပါအမျိုးသားကို ရဲများက ဖမ်းဆီးခဲ့သည်။ ဓားထိုးခံရသူများမှာ အသက် ၁၇ နှစ်အရွယ် အမျိုးသား သုံးဦးဖြစ်ပြီး နောက်ပိုင်းတွင် တစ်ဦးသေဆုံးသွားသည်။

ည ၁၁ နာရီ မိနစ် ၅၀ ခန့်က အဆောက်အအုံတစ်ခု မြေညီထပ်တွင် ဓားထိုးမှုများဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ထံ အရေးပေါ်ဖုန်းခေါ်ဆိုခဲ့သည်။ ဓားဖြင့် ထိုးသူဟုသံသယရှိသူသည် အခင်းမဖြစ်ပွားမီက အမျိုးသား သုံးဦးနှင့် စကားများရန်ဖြစ်ခဲ့သည်ဟု ရဲများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

### မွန်ဂိုလီးယားနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ၂၀ သေဆုံး

မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးဖြစ်စဉ်များကြောင့် စုစုပေါင်း ၂၀ သေဆုံးကြောင်း နိုင်ငံ၏အမျိုးသားစာရင်းအင်းရုံး (အင်န်အက်စ်အို) က ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါကာလအတွင်း သဘာဝဘေးအန္တရာယ်များနှင့် မတော်တဆထိခိုက်မှု ၄၁၀ ဖြစ်ပွားရာ ၂၀၂၄ ခုနှစ်ကထက် ၁၄ ဒသမ ၈ ရာခိုင်နှုန်းတိုးလာကြောင်း အင်န်အက်စ်အိုက ထုတ်ပြန်ချက် တွင် ပြောကြားသည်။ မွန်ဂိုလီးယားနိုင်ငံ၌ ယမန်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း သဘာဝဘေးနှင့် မတော်တဆမှုများကြောင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်း ဆုံးရှုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် နှစ်ထပ်ဘတ်စ်ကား တိမ်းမှောက်၊ ခရီးသည် ၄၀ ကျော် ဒဏ်ရာရ

**ဘန်ကောက် ဖေဖော်ဝါရီ ၁၅**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ခရီးသည်တင် နှစ်ထပ်ဘတ်စ်ကား တစ်စီး ဖေဖော်ဝါရီ ၁၅ ရက်က တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၄၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းမီဒီယာများ၏ ဖော်ပြချက်များအရ သိရသည်။ ထိခိုက်ဒဏ်ရာရရှိသူ ခရီးသည်များအနက် ၁၀ ဦးကျော်မှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း သိရသည်။

ထိုင်းရဲတပ်ဖွဲ့သည် နိုင်ငံတောင်ပိုင်း ထရန်ပြည်နယ်ရှိ လမ်းခုလတ်တစ်နေရာတွင် ခရီးသည်တင် နှစ်ထပ်ဘတ်စ်ကား တစ်စီး တိမ်းမှောက်ဖြစ်ပွားမှုနှင့် ပတ်သက်ပြီး သတင်းပေးပို့ချက် တစ်ရပ် လက်ခံရရှိခဲ့သည်ဟု ဒေသမီဒီယာ Khao Sod တွင် ဖော်ပြထားသည်။



ခရီးသည် ၅၂ ဦး လိုက်ပါလာသော အဆိုပါ နှစ်ထပ်ဘတ်စ်ကားသည် ဖူးခက်မှ ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ထွက်ခွာလာခဲ့ပြီး ယာလာပြည်နယ် ဘက်တုံခရိုင်သို့ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိရန် စီစဉ်ထားကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသည့် ခရီးသည်များကို ဆေးဝါးကုသမှု ခံယူရန် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် မတော်တဆဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းသည် ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်ငိုက်ကာ မောင်းနှင်ခြင်း ဖြစ်နိုင်ကြောင်း ယာဉ်ပေါ်ပါ ခရီးသည်များက ပြောကြားသည်။

**ဆင်ဟွာ၊ ဓာတ်ပုံ-The Nation**

# အာကာသယာဉ်မှူး လေးဦးပါ SpaceX ၏ ဒရက်ဂွန်အာကာသယာဉ် ISS နှင့် ချိတ်ဆက်

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၅**

နာဆာ၏ Crew-12 မစ်ရှင်အတွက် အာကာသယာဉ်မှူးလေးဦး တင်ဆောင်လာသော SpaceX ၏ ဒရက်ဂွန်အာကာသယာဉ်သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် နိုင်ငံတကာအာကာသစခန်း (ISS) နှင့် အလိုအလျောက်ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်ကို Falcon 9 ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၁၃ ရက်က ဒေသစံတော်ချိန် နံနက် ၅ နာရီ ၁၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကိပ်ကာနဗရယ်အာကာသလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အာကာသယာဉ်မှူးလေးဦးတွင် နာဆာအာကာသယာဉ်မှူးများဖြစ်သည့် ဂျက်ဆီကာမေရာနှင့် ဂျက်ဟတ်သဝေး၊ ဥရောပအာကာသအေဂျင်စီမှ အာကာသယာဉ်မှူး ဆိုဖီအဒီနေ့ဘ်နှင့် ရုရှားအာကာသယာဉ်မှူး အန်ဒရေးဖက်ဒယာယက်ဗ်တို့ ပါဝင်သည်။

ခန့်မှန်းခြေ ရှစ်လခန့်ကြာမည့် ယင်းမစ်ရှင်အတွင်း Crew-12 အဖွဲ့သည် ကမ္ဘာပတ်လမ်းကြောင်းနိမ့်၏ အလွန်ကို လူသားများသွားရောက်လေ့လာစူးစမ်းနိုင်ရန် ပြင်ဆင်သည့် သိပ္ပံနည်းကျသုတေသနများနှင့် ကမ္ဘာပေါ်ရှိ လူသားများ၏ လူနေမှုဘဝအတွက် အကျိုးပြုမည့် သုတေသနလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နာဆာက ပြောကြားသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ ယာဉ်မတော်တဆမှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ ၁၄ ဦး ဒဏ်ရာရရှိ

**ကဘူးလ် ဖေဖော်ဝါရီ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ဂါဇ်နီပြည်နယ်၌ ဖေဖော်ဝါရီ ၁၄ ရက်ညပိုင်းက ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွားရာ ခြောက်ဦးသေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ခါလစ် ရှာဟာဒီက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ပထမအကြိမ် ယာဉ်မတော်တဆမှုမှာ ကာရာဘက်ဟ်ခရိုင်၌ ဖေဖော်ဝါရီ ၁၄ ရက် ညနှောင်းပိုင်းကဖြစ်ပွားရာ အမျိုးသမီးနှစ်ဦးနှင့် ကလေးတစ်ဦးအပါအဝင် ပုံမှန်ခရီးဝေးအလုပ်ဆင်းသူ ငါးဦး သေဆုံးကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

နောက်ထပ်အလားတူ ယာဉ်မတော်တဆမှုမှာ တစ်ဦးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာ ရရှိသူများအနက် အချို့မှာ စိုးရိမ်ရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာသို့ အမြန်ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို အနီးနားရှိဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယာဉ်မဆင်မခြင် မောင်းနှင်ခြင်းနှင့် မှောင်မည်းပြီး အလင်းရောင်မရှိခြင်းတို့ကြောင့် လူသေဆုံးစေသည့် မတော်တဆမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

အလားတူ ပြီးခဲ့သည့်သီတင်းပတ်က အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘာဒက်ခ်ရှန်ပြည်နယ်၌ ယာဉ်မတော်တဆမှု ဖြစ်ပွားရာ ၁၂ ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ရွှေမော်ဓောစေတီတော်မြတ်ကြီးအတွင်းလိုဏ်ရှိ ဆွေးမြည့်သံပေါင်များ ပြုပြင်ဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၅**

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး အတွင်းလိုဏ်အထဲရှိ တည်ဆောက်ထားသော ဆွေးမြည့်သံပေါင်များ ပြုပြင်ဆောင်ရွက်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးဒေသသည် ငလျင်ကြောပေါ်တွင် တည်ရှိနေသည့်အတွက် ငလျင်ဘေးဒဏ်ခံနိုင်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတွဲဖက်အတွင်းရေးမှူးက စေတီတော်မြတ်ကြီး အတွင်းလိုဏ်အထဲရှိ တည်ဆောက်ထားသော ဆွေးမြည့်သံပေါင်များ စစ်ဆေးဆောင်ရွက်ထားရှိမှုနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များက ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုဝင်များ၏ အလှူတော်အဖြစ် နေပူခံကျောက်ပြားခင်းနေမှုနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုဖြင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မီးသတ်စခန်း၊ မီးသတ်ယာဉ်များနှင့် စက်များကွံခိုင်မှု ကြည့်ရှုစစ်ဆေး



**မကွေး ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၌ မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များ၊ စက်များ အသင့်ဖြစ်မှုနှင့် ကွံခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး မီးသတ်တပ်ဖွဲ့ဝင်များက LUF 60 ဖြင့် မီးလောင်မှု လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်း၊ Heavy Liftingand Rescue Vehicle လက်တွေ့သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် Command and Control Center တွင် မီးဘေးနှင့် အခြားသော သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက လျင်မြန်စွာ ထိန်းချုပ်ကွပ်ကဲတုံ့ပြန်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိသည့် အဆင့်မြင့်နည်းပညာရပ်များ၊ အထောက်အကူပြုနည်းစနစ်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၅။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း) များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မူဆယ်မြို့၌ ငွေကျပ်သိန်း ၂၀၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅** ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မူဆယ်မြို့ စွမ်စော်ရပ်ကွက် မူဆယ်-နမ့်ခမ်းကားလမ်းတွင် လမောင်ဆိုင်းအောင်(ခ)ဆိုင်းအောင်(၃၀)နှစ် ဆိုင်းတောင်ကျေးရွာ ဖားကန့်မြို့နယ်နေသူ မောင်နှင်လာသော TOYOTA LANDCRUISER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၂၀၀၀ ပြား (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၁၀ သိန်း) အား ဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့် လမောင်ဆိုင်းအောင်(ခ) ဆိုင်းအောင် အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

တရားခံ လမောင်ဆိုင်းအောင်(ခ)ဆိုင်းအောင် အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေအရ ဖမ်းဆီးအရေးယူ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အုတ်တွင်းမြို့နယ်နှင့် သာယာဝတီမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅၉ ဒသမ ၆၄၅တန်၊ အခြားသစ် ၈ ဒသမ ၇၆၁ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၇၀၀၁၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၆ ရက်တွင် ဟင်္သာတမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၀ ဒသမ ၂၉၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၃၂၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၇၀၃၂၀ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



ဧရာဝတီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**ကြပ်မတ်ဆောင်ရွက်**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၂၇၅၁၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်ပို့/ တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၈ -၂ - ၂၀၂၆ ရက်မှ ၂၇ - ၃ -၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော အသက်(၁၄)နှစ်အထက် မူလတန်းပညာ အောင်မြင်ပြီးသူ သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## တာချီလိတ်မြို့၌ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ဝမ်မိုင်(ကွက်သစ်) ပုံလို့လမ်းတွင် လမ်းလျှောက်လာသူ ကျော်စန်းဦး(ခ)ကုလား(၃၁)နှစ်၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ တာချီလိတ်မြို့နေသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ အိုက်စ် (မက်သ်အဖက်တမင်း) ၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၄၀) အားဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၆ နာရီတွင် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် အိမ်တွင်းမှုကျောင်းလမ်း၌ ဖမ်းဆီးရမိအိုက်စ်(မက်သ်အဖက်တမင်း)များအား ရောင်းချပေးသူ ဝင်းကျော်စွာ(ခ)ကိုထွန်း(၄၀)နှစ်၊ ရန်အောင်မြေရပ်ကွက် တာချီလိတ်မြို့နေသူအား စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သိန်း)နှင့် အိုက်စ် (မက်သ်အဖက်တမင်း) ၀ ဒသမ ၁ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၈ သိန်း)အား ထပ်မံဖမ်းဆီးရမိသဖြင့် ကျော်စန်းဦး (ခ) ကုလားနှင့် ဝင်းကျော်စွာ (ခ) ကိုထွန်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



တရားခံ ကျော်စန်းဦး(ခ)ကုလားနှင့် ဝင်းကျော်စွာ(ခ)ကိုထွန်းတို့အား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## ဆီဆိုင်၊ ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တို့၌ သီးပွင့်ဆဲဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဆီဆိုင်၊ ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တို့၌ ဖေဖော်ဝါရီ ၁၄ ရက်က သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၅၆ ဧကခန့်အား ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆောင်ရွက်ရာမှာ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီ ၅၀ မိနစ်အထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် နားစေးစောက်ကျေးရွာ၏ အနောက်ဘက် ၅ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၉ ဧကခန့်နှင့် ၁ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၇ ဧကတို့အားလည်းကောင်း။

အလားတူ နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လီမောကျေးရွာ၏ အရှေ့တောင်ဘက် ၄ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၉ ဧကခန့်အားလည်းကောင်း။

ထို့အတူ နံနက် ၁၁ နာရီ ၃၅ မိနစ်မှ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဗန်းမောက်ကျေးရွာ၏ အရှေ့မြောက်ဘက် ၂ မိုင်ခွဲခန့်အကွာရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၂၁ ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။



**ရဲပြန်ကြား**

### မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) “လမ်းမပိတ်ရ” အဝါရောင်မျဉ်းကွက်(Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❑ *ကျော်ဖုံးမှ*

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသခံတိုင်းရင်းသား ပြည်သူများအကြောက်တရားများလွှမ်းမိုးစေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အကြမ်းဖက်အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့ပြီး ကယားပြည်နယ်၏ မြို့တော်လွိုင်ကော်မြို့အား ထိန်းချုပ်ရန် တိုက်ပွဲများဖော်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ဒီးမော့ဆိုမြို့နယ်အတွင်း ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး မြို့၊ ကျေးရွာများတွင် ကျေးရွာသူ ရွာသားများအသွင်ဖြင့် စိမ့်ဝင်ပုံဖျက်ဝင်ရောက်နေရာယူပြီး ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်နှိပ်စက်ကာ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် ဒေသအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများအား ဖြတ်တောက်ပိတ်ဆို့ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၊ ပိတ်ဆို့ထားသည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ရေး "ရန်နိုင်မင်း" စစ်ဆင်ရေးအမည်ဖြင့် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒီးမော့ဆိုမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဒီးမော့ဆိုမြို့မှ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဖားဆောင်းမြို့အား ယာယီစိုးမိုးလျက် ဖားဆောင်းမြို့နယ်အတွင်း အဖျက်အမှောင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အဆိုပါဒေသတစ်ခုလုံးအား အလုံးစုံထိန်းချုပ်နိုင်ရေးအတွက် အဆုံးအဖြတ်တိုက်ပွဲအဖြစ် နယ်မြေခံတပ်ရင်းဌာနချုပ်များအား ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်နှင့် ၃၀ ရက်တွင်လည်းကောင်း၊ ဇူလိုင် ၅ ရက်နှင့် ၇ ရက်တွင်လည်းကောင်း၊ စုစုပေါင်း တိုက်ပွဲကြီး လေးကြိမ်ဖြင့် အင်အားအလုံးအရင်းဖြင့် ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သော်လည်း အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအနေဖြင့် မိမိတပ် ရန်သူ့လက်သို့ ကျရောက်မှု မရှိစေရေးအတွက် လေ့ခွက်ချည်းကျန် အလှံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်တို့ဖြင့် ရှုပ်ရှုပ်ချုံချုံ ပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် အဆိုပါ တပ်ရင်းဌာနချုပ်အား တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ရပြီး ဖားဆောင်းမြို့ကိုသာ အဝေးမှလက်နက်ကြီးဖြင့်ပစ်ခတ်၍ ယာယီစိုးမိုးထားခဲ့ပြီး အမိကအမာခံအဖွဲ့များက တပ်မတော် စစ်ကူစစ်ကြောင်း အမိကလာမည့် နေရာများ၌ အဆင့်ဆင့်ပိတ်ဆို့ခြင်း ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်တွင် တိုက်ပွဲကြီး/ငယ် ရှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ခြောက်လောင်း၊ လက်နက်မျိုးစုံ ၁၁ လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစ၍ ဘောလခဲ-ထူးချောင်း-ဖားဆောင်း ဆက်သွယ်ရေးလမ်းကြောင်း၏ အနောက်ဘက်ခြမ်းမှ စတင်ပြီး အဆင့်ဆင့်ခြေကုပ်ယူ၍ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား နေရာတစ်ဝိုက်အား နိုဝင်ဘာ ၂၇ ရက်တွင် ဦးစွာထိန်းချုပ်နိုင်ခဲ့ပြီး ဆက်လက်၍ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို စစ်နည်းဗျူဟာမြောက် စစ်ကြောင်းများခွဲ၍ တစ်ဆင့်ပြီးတစ်ဆင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ အမာခံကျေးရွာကြီးများဖြစ်သည့် နမ့်ကစ်ကျေးရွာနှင့် ပါပုကျေးရွာတို့အား ခက်ခက်ခဲခဲ တိုက်ခိုက် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီးမှ ဖားဆောင်းမြို့သို့ ဆက်လက်ရှင်းလင်းချီတက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ယနေ့တွင် ဖားဆောင်းမြို့အား တပ်မတော်စစ်ကြောင်းများက အပြီးတိုင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ၃၁ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ လက်နက်မျိုးစုံ ၁၇ လက်၊ အကြမ်းဖက်သမား ရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် အချို့နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရပြီး အချို့ထိခိုက်/ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဖားဆောင်းမြို့အား ယာယီစိုးမိုးထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ/

*စာမျက်နှာ ၁၉ သို့*




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်ထိန်းချုပ်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိစဉ်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိစဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
   (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
   (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
   (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
   (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
   (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
   (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
   (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
   (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
   (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
   (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
   (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
   (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
   (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
   (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
   (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
   (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား မှတ်တမ်းဓာတ်ပုံ။




အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ၏ ရုပ်အလောင်းမှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၈ မှ*

ဆေးခန်းများနှင့် လူနေအိမ်များအား အကာအကွယ်ယူ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၊ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ၊ လူနေ/အိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူ သွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ တပ်မတော်စစ်ကြောင်းများက ဖားဆောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့် အတွက် လှိုင်ကော် - ဒီးမော့ဆို - ဖရူဆို- ဘောလခဲ- ဖားဆောင်း ဆက်သွယ်ရေးလမ်းမကြီးအား မကြာမီ အချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရှိရပြီး တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းမကြီးအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့်ရှင်းလင်းဖော်ပြတဲ့နေရာမှာ Forming Nouns (နာမ်ဖွဲ့စည်းပုံ)များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about requests – III တောင်းဆိုချက်တွေကို ဘယ်လိုပြောမလဲ)ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

1. The children asked for apples.
2. The ladies painted the shelves.
3. The babies played with dolls.
4. The leaves fell from the brances.
5. Our cats caught the mice.
6. The tall gentlemen spoke to the women.
7. The boys fed the geese.
8. Our teachers told us stories.
9. The gamewardens killed the wolves.
10. The men had donkeys and horses.

**Forming Nouns (နာမ်ဖွဲ့စည်းပုံ)**

Nouns (နာမ်) များကို ပြောင်းလဲဖွဲ့စည်းရာတွင် Adjectives (နာမဝိသေသန) စကားလုံးများမှ သော်လည်းကောင်း၊ Verbs (ကြိယာ) စကားလုံးများမှ သော်လည်းကောင်း၊ Nouns (နာမ် ) စကားလုံးများမှ သော်လည်းကောင်း ပြောင်းလဲဖွဲ့စည်းနိုင်သည်။ ဥပမာ။

| **Adjectives** | **Nouns** |
|---|---|
| bright | brightness |
| cruel | cruelty |
| warm | warmly |
| brave | bravery |
| **Verbs** | **Nouns** |
| act | action |
| enter | entrance |
| enjoy | enjoyment |
| **Nouns** | **Nouns** |
| king | kingdom |
| child | childhood |
| friend | friendship |

အဘယ်ကြောင့် ထိုသို့ ပြောင်းလဲဖွဲ့စည်းရသနည်း။ လွယ်လွယ်ဖြေရမည်ဆိုလျှင် အင်္ဂလိပ်စကားလုံးများကို သူ့နေရာနှင့်သူ မှန်ကန်အောင် သုံးနိုင်အောင်ဟု ဖြေရမည်ဖြစ်သည်။ အင်္ဂလိပ်ဝါကျတည်ဆောက်ရာတွင် တချို့နေရာများတွင် Noun (နာမ်)ကို သုံးရသလို တချို့နေရာများတွင် Adjective (နာမဝိသေသန)၊ တချို့နေရာများတွင် Adverb (ကြိယာဝိသေသန) စသည်ဖြင့် သူ့နေရာနှင့် သူအသီးသီး အံဝင်အောင်သုံးမှသာ ဆိုလိုရင်းကို ရောက်ရှိမည်ဖြစ်သည်။ ထိုသို့ အံဝင်အောင်သုံးတတ်စေရန် Noun (နာမ်) ကဏ္ဍနှင့် တစ်ဆက်တည်း အလျဉ်းသင့်၍ နာမ် (Noun) ဖွဲ့စည်းပုံကို ဖော်ပြပေးလိုက်ခြင်းဖြစ်ပါသည်။ Noun(နာမ်)များကို ပြောင်းလဲဖွဲ့စည်းရာတွင် တိကျသော အချို့နောက်ဆက်တွဲစကားလုံးများအဖြစ် –ness, –ty, –th, –ion, –ry, –ance, –ment, –dom, –hood, –ship, etc. စသည့်စကားလုံးများကို ပေါင်းထည့်အသုံးပြုနိုင်ပါသည်။ အောက်တွင် စကားလုံးအချို့နှင့် ပြောင်းလဲဖွဲ့စည်းထားသော နာမ်စကားလုံးအချို့ကို ဖော်ပြပေးလိုက်ပါသည်။

| **စကားလုံးများ Words** | **ပြောင်းလဲဖွဲ့စည်းထားသော Noun (နာမ်)စကားလုံးများ** |
|---|---|
| 1. absent (adj–ပျက်ကွက်သော) | absence (n–ပျက်ကွက်ခြင်း) |
| 2. act(v–ပြုလုပ်၊ဆောင်ရွက်သည်) | action (n–လုပ်ဆောင်ချက်) |
| 3. add(v–ထည့်သည်၊ ဖြည့်သည်) | addition (n–ဖြည့်စွက်ချက်) |
| 4. agree(v–သဘောတူသည်) | agreement(n–သဘောတူညီချက်) |
| 5. angry (adj–ဒေါသထွက်၊ | anger(n–ဒေါသ)စိတ်ဆိုးသော) |
| 6. arrive(v–ရောက်ရှိသည်) | arrival (n–ဆိုက်ရောက်ခြင်း) |
| 7. attend (v–တက်ရောက်သည်) | attention (n–အာရုံစိုက်ခြင်း၊ ဂရုစိုက်ခြင်း) |
| 8. bad (adj–ညံ့သော၊ဆိုးသော) | badness (n–ဆိုးခြင်း) |
| 9. beautiful (adj–လှပသော) | beauty (n–သာယာ၊ လှပ၊ တင့်တယ်ခြင်း) |
| 10. begin (v–စတင်သည်) | beginning (n–အစပြုခြင်း၊ အစပိုင်း) |
| 11. behave (v–ပြုမူသည်) | behavior (n–အပြုအမူ) |
| 12. brave (adj–ရဲရင့်သော၊ | bravery (n–ရဲစွမ်းသတ္တိရှိသော) |
| 13. breathe (v–အသက်ရှူသည်) | breath (n–ထွက်သက်ဝင်သက်) |
| 14. bright(adj–တောက်ပသော) | brightness (n–တောက်ပခြင်း) |
| 15. broad (adj–ကျယ်သော) | breadth (n–အကျယ်၊ အနံ) |
| 16. busy (adj–အလုပ်များသော) | business (n–စီးပွားရေးလုပ်ငန်း) |
| 17. choose (v–ရွေးချယ်သည်) | choice (n–ရွေးချယ်မှု၊ ရွေးချယ်စရာ) |
| 18. clean (adj–သန့်ရှင်းသော၊ | cleanliness (n–စင်ကြယ်သော၊ သန့်ရှင်းစင်ကြယ်ခြင်း) |
| 19. collect (v–စုစည်းသည်) | collection (n–စုဆောင်း သိမ်းဆည်းခြင်း) |
| 20. correct (adj–မှန်ကန်သော) | correction (n–အမှားပြင်ချက်) |

## Vocabulary Enrichment Programme

1. **to laugh up your sleeve = (ကြိတ်ရယ်သည်)**
   She knew the truth all along and was laughing up her sleeve at us.
   (အမှန်တရားကို တဖြည်းဖြည်းသိလာပြီး ကျွန်တော်တို့ကို သူကြိတ်ရယ်တယ်။)
2. **a snake in the grass = (မိတ်ဆွေအတုအယောင်)**
   He's just a snake in the grass and a guy you can't turst.
   (သူက မိတ်ဆွေအတုအယောင်သာသာပဲ။ မင်းသူ့ကို ယုံလို့မရဘူး။)
3. **to build castles in the air = (လေထဲ၌ တိုက်အိမ်ဆောက်သည်။ စိတ်ကူးယဉ်သည်)**
   You need sound financial advice and a strong plan if you're going to start your own business—don't just build castles in the air.
   (မင်းကိုယ်ပိုင်လုပ်ငန်းတစ်ခု စတော့မယ်ဆိုရင် ကောင်းမွန်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အကြံကောင်းတွေနဲ့ ခိုင်မာမှန်ကန်တဲ့ အစီအစဉ်တွေရှိဖို့လိုတယ်။ စိတ်ကူးယဉ်ပြီး လေထဲတိုက်အိမ်ဆောက်လို့မရဘူး။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



**Conversation**

**How to talk about requests–I (တောင်းဆိုချက်တွေကို ဘယ်လိုပြောမလဲ။)**

*I'd like …*
*have you got …?*
*I'll have …*
*give me …*
have you got …? Could I have the bill.....?

(၁) တစ်ခုခုတောင်းဆိုတဲ့အခါမှာ I'd like … ဆိုတဲ့ အသုံးအနှုန်းကို please ထပ်ထည့်ပြီးပြောမယ်ဆိုရင်တော့ ပိုပြီးယဉ်ကျေးသွားပါတယ်။ တစ်ခုခုဝယ်တဲ့အခါ သို့မဟုတ် တစ်ခုခုမှာတဲ့အခါမှာ ဒီလိုမျိုး အသုံးမျိုးကို ပုံမှန်သုံးလေ့ရှိပါတယ်။ ဥပမာ။

– I won't have any wine, thank you, because I'm driving. I'd like a glass of lemonade instead, please.
– I won't have pudding, thanks, but I'd like some cheese.

(၂) တစ်ခုခု တောင်းဆိုလိုတဲ့အခါမှာ နောက်ထပ်သုံးနိုင်တဲ့အသုံးကတော့ have you got …? ပဲဖြစ်ပါတယ်။ ဆိုလိုတာကတော့ "ရနိုင်မလား" "ရှိလား" ဆိုတဲ့သဘောပဲ ဖြစ်ပါတယ်။ ဒီအသုံးကတော့ အနည်းငယ် အရပ်သဘောဆန်တယ်လို့ပဲ ပြောရမှာပါ။ ဥပမာ။

– I never drink coffee at this time of day, Jill. Have you got any tea?
  Sure, Sue. I'll get you some.
– Have you got any ice, Meg? I feel like a really cold drink.
  Sure. There's some in the freezer.

**ဘာသာစကားရှုထောင့်**

စားသောက်ဆိုင်များနဲ့ ဈေးဆိုင်များမှာ တောင်းဆိုလိုတဲ့အခါ တစ်ခါတစ်ရံမှာ ကိုယ်ပြောချင်တဲ့ အမျိုးအမည်ကို ဖော်ပြပြောဆိုပြီး တောင်းဆိုနိုင်သလို အမြဲတမ်းကတော့ ဆိုင်အကူ သို့မဟုတ် စားပွဲထိုးက ကိုယ်ဘာယူမလဲဆိုတာကို မေးလေ့ရှိပါတယ်။ ဥပမာ။

– Good morning, Mrs Smith. What would you like today?
  Four of those cream cakes, please.
– Hello. What can I get you?
  Half–a–dozen apples, please, and four bananas.
– Hi. What would you like?
  Half a kilo of pork sausages, please.

တစ်ခါတစ်ရံမှာလည်း I'd like … ဆိုပြီး ကိုယ်လိုချင်တာကို တောင်းဆိုနိုင်ပါတယ်။ please ကို ကိုယ်ပြောလိုက်တဲ့ စကားရဲ့နောက်မှာ ထပ်ထည့်ပေးလိုက်ခြင်းဖြင့် ပိုပြီးတော့ ယဉ်ကျေးစေပါတယ်။ ဥပမာ။

– I'd like half a kilo of salmon, please.
  Certainly.
– I'd like four lamb chops, please.
  Certainly. Would you like a large ones or small ones?

(၃) စားသောက်ဆိုင်နဲ့ ဈေးဆိုင်တွေမှာ တစ်ခုခုကို တောင်းဆိုလိုတဲ့အခါ သိပ်မယဉ်ကျေးဘဲ ပုံမှန်ပြောလေ့ရှိတဲ့ပုံစံမျိုးနဲ့ နောက်တစ်မျိုး ပြောနိုင်တဲ့ ပုံစံကတော့ I'll have … ပဲဖြစ်ပါတယ်။ "ယူမယ်" ဒါမှမဟုတ်"ပေးပါ" ပေါ့။ တစ်ခါတစ်ရံမှာ please ကိုထည့်ပြီးပြောနိုင်ပါတယ်။ ဥပမာ။

– What can I get you today?
  I'll have four large steaks.
– What would you like?
  I'll have three chicken breast, please.

**ဘာသာစကားရှုထောင့်**

I'll have မသုံးဘဲ I want …ကိုသုံးနိုင်ပါတယ်။ သို့သော်လည်း ဒါက အရပ်သဘော ပုံစံမျိုးဖြစ်စေပါတယ်။ တစ်ခါတစ်ရံမှာတော့ please ကို ထည့်ပြီး ပြောကြပါတယ်။ "လိုချင်တယ်" ပေါ့။ ဥပမာ။

– What can I get for you today?
  I want a large bottle of lemonade, please.
– What would you like today?
  I want two bars of that chocolate, please.

(၄) တစ်ခါတစ်ရံမှာလည်း လိုတိုရှင်းပုံစံနဲ့ give me … ဆိုပြီး ပြောနိုင်ပါတယ်။ ပိုပြီးယဉ်ကျေးတဲ့ ပုံစံမျိုးပြောချင်ရင်တော့ please ကို ထည့်ပြီး သုံးနိုင်ပါတယ်။ ဥပမာ။

– What can I get you today?
  Give me a packet of those chocolate biscuits, please.
– What can I help you?
  Give me a carton of orange juice, please.

(၅) Have you got …? ကို please ဆိုတဲ့စကားလုံးလေး ထည့်ပြီး တောင်းဆိုလို့ ရနိုင်ပါသေးတယ်။ မြန်မာလိုကတော့ "ရှိလား" "ရနိုင်မလား" ဆိုတာမျိုးပါပဲ။ ဥပမာ။

– Have you decided on a wine yet, sir?
  Have you got a really dry French white wine, please?
– How can I help you?
  Have you got a one–volume children's encyclop(a)edia?

စားသောက်ဆိုင်နဲ့ ဈေးဆိုင်တွေမှာ ဘယ်လောက်ကျသင့်လဲလို့ မေးရင်တော့ ဒီလိုမေးနိုင်ပါတယ်။ How much is that? / What does that come to? / How much do I owe you? ဆိုပြီး မေးနိုင်ပါတယ်။ ဥပမာ။

– I'd like a dozen of these cakes and a brown loaf. How much is that?
– Two glasses of dry white wine, one glass of red, a gin and tonic, and a pint of lager, please. That's all, thanks. How much do I owe you?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ရီးရဲမက်ဒရစ်က ဆိုစီဒက်ကို အနိုင်ယူပြီး အမှတ်ပေးဇယား ဦးဆောင်ခွင့်ရရှိ

စပိန်လာလီဂါပွဲစဉ် (၂၄) အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ရီးရဲမက်ဒရစ်နှင့် ဆိုစီဒက်အသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက ဗင်နီစီးယပ်စ်၏ ပယ်နယ်တီသွင်းဂိုးများနှင့်အတူ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၂ နာရီခွဲက ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၄၀၀၀ လာရောက်ကြည့်ရှုခဲ့သည်။



နိုင်ပွဲဆက်ရရှိသည့် အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်သောကြောင့် ပွဲအစပိုင်းကတည်းက အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် ဘာစီလိုနာအသင်းထက် တစ်ပွဲပိုကစားပြီး နှစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဂီတာဖေးက ဗီလာရီးရဲကို နှစ်ဂိုး-တစ်ဂိုး၊ ဘီလ်ဘာအိုက အိုဗီဒိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး အယ်ချီနှင့် အိုဆာဆူနာအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေ၊ အက်စ်ပန်ညိုနှင့် ဆဲလ်တာဗီဂိုအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သည်။ ထို့အပြင်ဆီဗီလာနှင့် အလာဗက်စ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။



## အမ်ဘိုကို ကို အနိုင်ယူပြီး ချက်ဇ်တင်းနစ်မယ် မူကိုဗာ ကာတာအိုးပင်းဖလား ဆွတ်ခူး

ကာတာအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ချက်ဇ်တင်းနစ်မယ် ကာရိုလီနာ မူကိုဗာက ကနေဒါဆယ်ကျော်သက်တင်းနစ်မယ် ဗစ်တိုရီးယား အမ်ဘိုကို ကို ၆-၄၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖလားဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၂၉ နှစ်အရွယ် မူကိုဗာသည် ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ခရစ္စတီယန်၊ ဗလင်တိုဗာ၊ ပလစ်ကိုဗာ၊ ကာလင်စကာယာ၊ ဆက္ကာရီတို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။ ၎င်းသည် ဗိုလ်လုပွဲတွင်လည်း အမ်ဘိုကိုကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ကာတာအိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

မူကိုဗာသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် စတုတ္ထအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် အမ်ဘိုကိုသည် ကွာတားဖိုင်နယ်တွင် ဩစတြေးလျအိုးပင်းချန်ပီယံ ရှိုင်ဘာကီနာ၊ ဆီမီးဖိုင်နယ်တွင် အော့စတာပင်ကိုတို့ကို အနိုင်ယူကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် မူကိုဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

## နော်တင်ဟမ်က ပါရဲရားကို နည်းပြအဖြစ် ခန့်အပ်



နော်တင်ဟမ်ဖောရက်စ်အသင်းသည် ဗစ်တာပါရဲရားကို ၁၈ လစာချုပ်နှင့်အတူ နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်သည်။ ထို့ကြောင့် အသက် ၅၇ နှစ်အရွယ် ပါရဲရားသည် ယခုနှစ်ရာသီ နော်တင်ဟမ်အသင်း ခန့်အပ်သည့် လေးဦးမြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပါရဲရားသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ပထမဆုံးအကြိမ် လေ့ကျင့်ခန်းဆင်းမှုကို ဖေဖော်ဝါရီ ၁၆ ရက် (ယနေ့) တွင် ပြုလုပ်သွားဖွယ်ရှိပြီး ၎င်း၏ ပထမဆုံးပွဲစဉ်ကို လာမည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖီနာဘာချီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ်ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်ကို စတင်တာဝန်ယူ ကိုင်တွယ်သွားဖွယ်ရှိသည်။

# ခံစစ်ကစားသမား အူပါမီကာနို ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းတိုး

ဘိုင်ယန်မြူးနစ်အသင်းသည် ပြင်သစ်ခံစစ်ကစားသမား ဒါးယော့အူပါမီကာနိုကို



တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သောကြောင့် အဆိုပါ ကစားသမားကို ၂၀၃၀ ပြည့်နှစ် ဇွန်လအထိ အသင်းတွင် ထိန်းထားနိုင်တော့မည် ဖြစ်သည်။

အသက် ၂၇ နှစ်အရွယ် အူပါမီကာနိုသည် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် လိုက်ပ်ဇစ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းတွင် ခြေစွမ်းပြသကာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိနေသူ ဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲအရပ်ရပ် ပွဲပေါင်း ၁၈၀ တွင် ပါဝင်ကစားထားကာ သွင်းဂိုးခြောက်ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ပြုလုပ်ထားနိုင်သည်။

ထို့အပြင် ၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါအမှတ်ပေးဖလား သုံးကြိမ်၊ ဂျာမန် စူပါဖလား သုံးကြိမ် ဆွတ်ခူးရရှိထားသည်။ ပြင်သစ်အသင်းအတွက်လည်း ပွဲပေါင်း ၃၅ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူကာ ၂၀၂၀ ခုနှစ်တွင် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ဖလား ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါ ၂၂ ပွဲတွင် ၁၈ ပွဲအထိ နိုင်ပွဲရရှိကာ ခြောက်မှတ်အသာ ရမှတ် ၅၇ မှတ်ဖြင့် အမှတ်ပေးဇယားကိုဦးဆောင်ထားသည်။

## တိုက်စစ်ကစားသမား ဟယ်ရီကိန်း သွင်းဂိုး ၅၀၀ ပြည့်ပြီ



တိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်က ဝါဒါဘရီမင်ကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် နှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ကစားသမားဘဝ ကလပ်နှင့် နိုင်ငံအသင်းအတွက် သွင်းဂိုးပေါင်း ၅၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါ ပွဲစဉ်တွင် ကိန်းသည် သုံးမိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် သွင်းဂိုး ၅၀၀ ပြည့်မြောက်ရန် ပွဲပေါင်း ၇၄၃ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။ အဆိုပါ သွင်းဂိုး ၅၀၀ တွင် ပယ်နယ်တီသွင်းဂိုး ၁၀၀ ပါဝင်ကြောင်း သိရသည်။ အသက် ၃၂ နှစ်အရွယ် ကိန်းသည် ဘွန်ဒက်စ်လီဂါ ၂၆ ဂိုး အပါအဝင် ယခုနှစ်ရာသီတွင် သွင်းဂိုးပေါင်း ၄၁ ဂိုးအထိ ရှိလာပြီ ဖြစ်သည်။

### စပိန်လာလီဂါပွဲစဉ် - ၂၄

| ၁၇-၂-၂၀၂၆ | (အင်္ဂါနေ့) |
|---|---|
| ဂျီရိုနာ - ဘာစီလိုနာ | နံနက် ၂း၃၀ |

### ချန်ပီယံရှစ် ပွဲစဉ် - ၃၂

| ၁၇-၂-၂၀၂၆ | (အင်္ဂါနေ့) |
|---|---|
| ကိုဗင်ထရီ - မစ်ဒယ်ဘရော့ | နံနက် ၂း၃၀ |

### ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့်

**ပထမအကျော့**

| ၁၈-၂-၂၀၂၆ | (ဗုဒ္ဓဟူးနေ့) |
|---|---|
| ဂါလာတာစရေး - ဂျူဗင်တပ်စ် | နံနက် ၁၂း၁၅ |
| ဘင်ဖီကာ - ရီးရဲမက်ဒရစ် | နံနက် ၂း၃၀ |
| ဒေါ့မွန် - အတ္တလန်တာ | နံနက် ၂း၃၀ |
| မိုနာကို - ပီအက်စ်ဂျီ | နံနက် ၂း၃၀ |
| ၁၉-၂-၂၀၂၆ | (ကြာသပတေးနေ့) |
| ကာရာဘတ် - ကာဆယ် | နံနက် ၁၂း၁၅ |
| ဘိုဒိုဂလင့် - အင်တာ | နံနက် ၂း၃၀ |
| ကလပ်ဘရူဂေး - အေတီမက် | နံနက် ၂း၃၀ |
| အိုလံပီယာကော့စ်- လေဗာကူဆင် | နံနက် ၂း၃၀ |

### ပရီမီယာလိဂ် ဂိုးအများဆုံးကစားသမားများ

| အမည် | အသင်း | သွင်းဂိုး |
|---|---|---|
| ဟာလန်း | မန်စီးတီး | ၂၂ |
| သီယေဂို | ဘရန့်ဖို့ဒ် | ၁၇ |
| ဆီမန်ညို | မန်စီးတီး | ၁၃ |
| ပက်ဒရို | ချယ်ဆီး | ၁၀ |
| အီကီတီကေး | လီဗာပူး | ၁၀ |
| ကားဗက်လီဝင် | လိဒ်စ် | ၁၀ |
| အမ်ဘူမို | မန်ယူ | ၉ |
| ဂူမာရက်စ် | ကာဆယ် | ၉ |

### အီတလီစီးရီးအေပွဲစဉ် - ၂၅

| ၁၇-၂-၂၀၂၆ | (အင်္ဂါနေ့) |
|---|---|
| ကက်ဂလီယာရီ - လက်ချီ | နံနက် ၂း၁၅ |

### ပရီမီယာလိဂ်ပွဲစဉ် - ၃၁ (ပွဲကြို)

| ၁၉-၂-၂၀၂၆ | (ကြာသပတေးနေ့) |
|---|---|
| ဝုဖ် - အာဆင်နယ် | နံနက် ၂း၃၀ |

### အက်ဖ်အေဖလား စတုတ္ထအဆင့်

| ၁၇-၂-၂၀၂၆ | (အင်္ဂါနေ့) |
|---|---|
| မက္ကလက်စ်ဖီးလ် - ဘရန့်ဖို့ဒ် | နံနက် ၂း၀၀ |

### စပိန်လာလီဂါပွဲစဉ် - ၁၆ (ပွဲကျန်)

| ၁၉-၂-၂၀၂၆ | (ကြာသပတေးနေ့) |
|---|---|
| လီဗန်တေး - ဗီလာရီးရဲ | နံနက် ၁း၃၀ |

■ မိုးဇက်-စုစည်းရေးသားသည်

# သဘာဝအလှ၊ သမိုင်းအဓိပ္ပာယ်နှင့် ယုံကြည်မှုတို့ ဆုံစည်းရာ မော်တင်စွန်း

လှိုင်မျိုးအောင်



မြန်မာနိုင်ငံ၏ အနောက်တောင်ဘက် အစွန်ဆုံးတွင် တည်ရှိသော မော်တင်စွန်းဘုရားသည် သဘာဝအလှအပ၊ ဘာသာရေးယုံကြည်မှုနှင့် သမိုင်းအဓိပ္ပာယ်တို့ ပေါင်းစပ်နေသည့် ထူးခြားသော ခရီးသွားနေရာတစ်ခုဖြစ်သည်။ မုန်တိုင်းလှိုင်းများနှင့် ပင်လယ်လေညင်းများ လှုပ်ရှားသံကြားရသည့် ပင်လယ်ကမ်းရိုးတန်းပေါ်တွင် တည်ထားသော မော်တင်စွန်းဘုရားသည် လာရောက်သူတိုင်း၏စိတ်ကို ငြိမ်းချမ်းစေပြီး အမှတ်ရစရာအဖြစ် ကျန်ရှိစေပါသည်။

မော်တင်စွန်းဘုရားသည် မြန်မာနိုင်ငံ၏ မြေပြင်အဆုံးဟု ခေါ်ဝေါ်ကြသည့်နေရာတွင် တည်ရှိပြီး ပင်လယ်နှင့် တောတောင်သဘာဝတို့ ပေါင်းစပ်ထားသည့် ရှုခင်းအလှများကို တစ်ပြိုင်နက် ခံစားနိုင်သည့်နေရာလည်း ဖြစ်ပါသည်။ နေထွက်ချိန်၊ နေဝင်ချိန်တွင် ပင်လယ်ပြင်အပေါ် ရောင်စုံပြောင်းလဲသည့် မိုးကောင်းကင်နှင့် ဘုရားစေတီ၏ သန့်ရှင်းမြင့်မြတ်မှုတို့ ပေါင်းစည်းလာသည့် အခိုက်



အတန့်များမှာ ခရီးသွားများအတွက် မမေ့နိုင်သည့် အမှတ်တရ ဖြစ်လာစေပါသည်။

**နှစ်စဉ်ဘုရားဖူးများ၊ ခရီးသွားအများအပြားလာရောက်**

ဘာသာရေးယုံကြည်မှုအရ မော်တင်စွန်းဘုရားသည် ခရီးသွားသူများ၊ ရေကြောင်းသွားလာသူများအတွက် ကာကွယ်စောင့်ရှောက်ပေးသော ဘုရားအဖြစ် ယုံကြည်ကြပြီး နှစ်စဉ်ဘုရားဖူးများ၊ ခရီးသွားများ အများအပြားလာရောက်ကြသည်ကို တွေ့မြင်နိုင်ပါသည်။ ပုသိမ်-မော်တင်စွန်းကားလမ်းမှာ (၉၅) မိုင် ရှည်လျားသော်လည်း လမ်းခရီးတစ်လျှောက် ခရီးသွားမပြတ်ခြင်း၊ လူနေအိမ်ခြေမပြတ်ခြင်း၊ လမ်းဘေးဝဲယာတွင် ကျေးရွာများစွာရှိခြင်းတို့ကြောင့် အေးချမ်းသာယာမှုကို အပြည့်အဝရရှိစေပါသည်။ ပုသိမ်-မော်တင်ကားလမ်းတစ်လျှောက်တွင်လည်း ရခိုင်ရိုးမ၏ တောင်စဉ်တောင်တန်းများကို ဖြတ်သန်းသွားရသည့်အတွက် တောင်ပေါ်ခရီးသွားခံစားမှုကို ရရှိစေပြီး မော်တင်စွန်းဘုရားရောက်လျှင် ပင်လယ်ကမ်းခြေ၏ သာယာလှပမှုကိုခံစားရသည့်အတွက် ပင်လယ်နှင့် တောင်တန်း၏ လှပစွာပေါင်းစပ်ထားမှုကို တစ်ပြိုင်နက် ခံစားနိုင်မည်လည်း ဖြစ်ပါသည်။

ထို့ပြင် ဒေသခံလူမျိုးများ၏ ယဉ်ကျေးမှု၊ ရိုးရာအစားအစာများနှင့် လူနေမှုဘဝပုံစံများကိုလည်း အနီးကပ်လေ့လာခံစားနိုင်ခြင်းမှာ မော်တင်စွန်းခရီး၏ အထူးအတွေ့အကြုံတစ်ခုဖြစ်ပါသည်။

**စိတ်ဝင်စားစရာများစွာရှိသော ဟိုင်းကြီးကျွန်း**

မော်တင်စွန်းအနီး ပတ်ဝန်းကျင်ဒေသများတွင်လည်းပတ်စရာနေရာ များစွာရှိပြီး တည်းခိုနေထိုင်ရေးအတွက်လည်း အဆင့်မီတည်းခိုခန်းများ၊ သန့်ရှင်းလတ်ဆတ်သော ပင်လယ်စာများကို ဈေးနှုန်းချိုသာစွာဖြင့် စားသောက်နိုင်မည့် စားသောက်ဆိုင်များ ပေါများလှပါသည်။ စိတ်ဝင်စားစရာများစွာရှိသော ဟိုင်းကြီးကျွန်းပေါ်ရှိ အလောင်းမင်းတရားကြီး၏ တပ်မတော်မှ တိုင်းပြည်၏ နောင်ရေးအတွက် အရှေ့အိန္ဒိယကုမ္ပဏီရှိ အင်္ဂလိပ်တပ်များအား ဝင်ရောက်တိုက်ခိုက်ခဲ့သည့် သမိုင်းဝင်တိုက်ပွဲနေရာ၊ အလောင်းစည်သူမင်းကြီး ဖောင်တော်ဆိုက်ကပ်ခဲ့ရာ ဖောင်တော်ဆိပ်စေတီ၊ ကျောက်မှိုပွင့်ကြီးများ၊ ပင်လယ်ရေညှိစိမ်းများဖြင့် လွန်စွာလှပသည့် ကျောက္ကလပ်ကမ်းခြေ၊ ဟိုင်းကြီးတောင်ထွတ်ပေါ်တွင် တည်ရှိသည့် သမိုင်းဝင်ကျိုက်တိစေတီနှင့် မဟာအံ့ထူးကံသာ ပြည်ချစ်ဘုရား၊ အဓိဋ္ဌာန်ဝင်၍ သောက်သုံးလျှင် ရောဂါဘယများ ပျောက်ကင်းစေသည်ဟု ယုံကြည်ယူဆကြသည့် နတ်တောင်ပေါ်မှ နတ်ရေကန်၊ ငွေဆောင်၊ ချောင်းသာကဲ့သို့ပင် ပင်လယ်ကမ်းခြေအပန်းဖြေသူများဖြင့် စည်ကားလှသည့် ငွေတောင်ကမ်းခြေ၊ ရခိုင်ရိုးမပေါ်မှ ကျောက်ချိုင့်၊ ကျောက်ခွက်များဖြင့် လှပစွာ တည်ရှိနေသော ပသျှူးချိုင်၊ ပင်လယ်လိပ်များ ဥချရာသမီးလှကျွန်း (လိပ်ကျွန်း) ကဲ့သို့ နေရာများစွာတည်ရှိပြီး သွားလာရေးမှာလည်း ကုန်းလမ်း၊ ရေလမ်းများဖြင့် အေးချမ်းစွာသွားလာနိုင်ပါသည်။

သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋ္ဌရုံသီမြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မှာလည်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ရင်ပြင်တော်တိုးချဲ့ထားပြီး ဘုရားဖူးဧည့်သည်များ အနားယူနိုင်ရန် အာရုံခံတန်ဆောင်းတော်ကြီးများနှင့် ရင်ပြင်တော်ကြီး၏ အောက်ခြေအနုတ် ၁၂ လည်ဗယ်တွင် နားနေခန်းများ တည်ဆောက်ထား၍ ဘုရားဖူးခရီးသွားဧည့်သည်များ အေးဆေးစွာ အနားယူအပန်းဖြေနိုင်ပါသည်။

**ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလပြည့်နေ့အထိ ကျင်းပလျက်ရှိ**

သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋ္ဌရုံသီမြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း(၁)ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဘုရားဖူးခရီးသွားများသည် ပုသိမ်ဆိပ်ကမ်းမှ သင်္ဘောခရီးဖြင့်ဖြစ်စေ၊ ကုန်းလမ်းမှ ကားဖြင့်ဖြစ်စေ နေ့စဉ်ထောင်နှင့်ချီ၍လာရောက်ဖူးမြော်ကြသည်။

သဘာဝကို ချစ်မြတ်နိုးသူများ၊ ဘာသာရေးခရီးသွားလိုသူများနှင့် ငြိမ်းချမ်းသော အနားယူရာနေရာကို ရှာဖွေနေသူများအတွက် မော်တင်စွန်းဘုရားသည် မဖြစ်မနေသွားရောက်သင့်သည့် နေရာတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဆုံးစွန်တွင် တည်ရှိသော မော်တင်စွန်းဘုရားသို့ လာရောက်ဖူးမြော်ရင်း သဘာဝအလှကိုခံစားကာ စိတ်နှလုံးငြိမ်းချမ်းမှုကို ရှာဖွေနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။





# ဂေါ်ရန်ဂျီကျွန်းကမ်းခြေ၌ အစိုးရရုံးပိတ်ရက်ကာလ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**ရေတ်ကောင်း ဖေဖော်ဝါရီ ၁၅**

ရောဝတီတိုင်းဒေသကြီး ရေတ်ကောင်းမြို့ ဂေါ်ရန်ဂျီကျွန်းကမ်းခြေသို့ အစိုးရရုံးပိတ်ရက်ကာလ ဖြစ်သော ဖေဖော်ဝါရီ ၁၂ ရက်မှ စတင်ကာ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များစွာ လာရောက်လည်ပတ် အပန်းဖြေလျက်ရှိကြောင်း သိရသည်။

ဂေါ်ရန်ဂျီကျွန်းကမ်းခြေသည် ရှည်လျား သွယ်တန်းသော ကျောက်ဆောင်၊ ကျောက်တန်းများ၊ ကျောက်လိုဏ်ဂူများကိုပေါများစွာတွေ့ရပြီး အစိုးရရုံးပိတ်ရက်နှင့် နှစ်ကူးကာလများတွင် ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များ ဝင်ရောက်မှု များပြားလျက်ရှိသည်။

ဂေါ်ရန်ဂျီကျွန်းသို့ ခြေကျင်တောင်တက်ပြီး မြဝတီစေတီတော်မြတ်အား ဖူးမြော်ခြင်း၊ ဘုရားရင်ပြင်တော်မှ အလွန်သာယာလှပသော ဂေါ်ရန်ဂျီကျွန်းပတ်ဝန်းကျင် ကမ်းခြေများအား ကြည့်ရှုအပန်းဖြေ အနားယူခြင်းများအပြင် သဲသောင်ပြင်သန့်ရှင်းခြင်းနှင့် ပင်လယ်ရေကြည်လင်ခြင်းတို့ကြောင့် ပင်လယ်ရေစိမ်ခြင်း၊ ရေကူးခြင်းဖြင့် အနားယူအပန်းဖြေရန် ကောင်းသောကမ်းခြေတစ်ခုဖြစ်သည်။

အဆိုပါ ဂေါ်ရန်ဂျီကျွန်းကမ်းခြေမှတစ်ဆင့် ဆက်လက်လည်ပတ်မည်ဆိုပါက ကမ်းခြေအနီး ပုဂံကျွန်း၊ အပြင်မိုးချိုင်၊ စပါးထားကျွန်း၊ ကျောက်ခြေထောက်ချိုင်၊ ကုလားမချိုင်၊ လိပ်ချိုင်၊ သစ်ရောင်းကျွန်း၊ မြင်းစီးကျွန်း၊ ကျွေချိုင်ကမ်းခြေတို့သို့ စက်လှေ၊ မော်တော်ဘုတ်များဖြင့် သွားရောက် လည်ပတ်နိုင်သည်။ ထို့ပြင် ဂေါ်ရန်ဂျီကျွန်းကမ်းခြေတွင် ပင်လယ်စာများဖြစ်သော ငါး၊ ပုစွန်၊ ကျောက်ပုစွန်၊ ငါးပိ၊ ငါးခြောက် အစုံများစွာ မှာယူစားသောက်နိုင်ပြီး သဘာဝအုန်းရေသောက်ကာ အနားယူရန်ကောင်းသော ကမ်းခြေတစ်ခုအဖြစ် တွေ့ရသည်။

ရေတ်ကောင်း
(ပြန်/ဆက်)





# ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ရုံးပိတ်ရက်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ဇလွန် ဖေဖော်ဝါရီ ၁၅**

ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့၌ ကိန်းဝပ်စံပယ်တော်မူသော မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ယနေ့နံနက်ပိုင်းတွင် ရုံးပိတ်ရက်ကျောင်းပိတ်ရက်များဖြစ်သည်နှင့်အညီ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်အား ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၃ ရက်အထိ ရှစ်ရက်တိုင်တိုင် လုပ်ငန်းကော်မတီများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဘုရားဖူးလာပြည်သူများ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများ၊ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများ များပြားလျက်ရှိကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

# ချောင်းသာကမ်းခြေသို့ အများပြည်သူရုံးပိတ်ရက်များတွင် ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြား

**ချောင်းသာ ဖေဖော်ဝါရီ ၁၅**

ရောဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိချောင်းသာကမ်းခြေသည် နယ်မြေအေးချမ်းသော ဒေသဖြစ်သည့်အလျောက် အများပြည်သူရုံးပိတ်ရက်များတွင် ခရီးသွားဧည့်သည်များ အများအပြား လာရောက် လည်ပတ်လျက်ရှိသည်။

ချောင်းသာကမ်းခြေတွင် ပုံမှန်စနေ၊ တနင်္ဂနွေနေ့များတွင် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများ ရှိသော်လည်း အများပြည်သူ ရုံးပိတ်ရက်များတွင် ကမ်းခြေတစ်လျှောက် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်လျက်ရှိပြီး ချောင်းသာကမ်းခြေရှိ ကျောက်ပုထိုးဘုရား၊ ကျောက်မောင်နှမဘုရားနှင့် Sea & Lake များသို့ အိုးဝေ၊ ဆိုင်ကယ်များဖြင့် သွားရောက်လည်ပတ်လျက်ရှိသည်။

ထို့ပြင် ချောင်းသာကမ်းခြေသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းစွာ ပျော်ရွှင်နိုင်ရေးအတွက် အပတ်စဉ်စနေနေ့တိုင်း မြို့ဦးစီးမှူး ဦးဟန်ဖြိုးဇော် ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းပြီး သန့်ရှင်းရေးများ ဆောင်ရွက်ခြင်းနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေးတို့အတွက် အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)



# မြို့သစ်မြို့နယ်၌ မီးဘေးလုံခြုံရေး မီးငြိမ်းသတ်နည်းသရုပ်ပြ

**မြို့သစ် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်သည်။

အဆိုပါ မီးဘေးလုံခြုံရေးသရုပ်ပြဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ဌာနဆိုင်ရာများ၊ ဈေးသူ ဈေးသားများ ကြည့်ရှုအားပေးကာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်က မီးလောင်မှုမဖြစ်ပေါ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးပြောကြားပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့်မီးငြိမ်းသတ်နည်း၊ မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပခုက္ကူမြို့၌ စုပေါင်းဈေးရောင်းပွဲတော် ၁၂ ရက်ကြာ ကျင်းပမည်

**ပခုက္ကူ ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးကိုယ်တိုင် တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရား စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု အထိမ်းအမှတ်အောင်ပွဲနှင့် ဘုရားအနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ဇာတ်အလှသဘင် ဖျော်ဖြေရေးအစီအစဉ်များ အပါအဝင် စုပေါင်းဈေးရောင်းပွဲတော်ကို ၁၂ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း လုပ်ငန်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှစတင်ပြီး ငြမ်းလုပ်ငန်း၊ ပြဒါးခံသစ်ဆေးသုတ်လုပ်ငန်းနှင့် ရွှေဆိုင်းချခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ(ပထမပတ်)တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အရံစေတီ ၃၆ ဆူတို့ကို ရွှေထီးတော်နှင့် စိန်ဖူးတော်တင်လှူခြင်းကိုလည်း ဖေဖော်ဝါရီ ၈ ရက်မှ စတင်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှု အထိမ်းအမှတ်အောင်ပွဲနှင့် ဘုရားအနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် မတ် ၂၇ ရက်မှ ဧပြီ ၇ ရက်အထိ ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှဖုန်းထံမှ သိရသည်။

ဘာမီသာ(ပခုက္ကူ)

# မောက်မယ်မြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်လှစ်

**မောက်မယ် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ် မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် နွေရာသီအခြေခံအားကစားသင်တန်းများကို ယနေ့နံနက်ပိုင်းက စတင်ပြီး မြို့နယ်နမ့်ယွမ်းခန်းမနှင့် နမ့်ယွမ်းအားကစားကွင်း၌ ဖွင့်လှစ်သင်ကြားသည်။



အဆိုပါ ဖွင့်လှစ်သင်ကြားပေးသည့်နွေရာသီအားကစားသင်တန်းများမှာ ဘောလုံး(ကျား/မ)၊ ဘော်လီဘော(ကျား/မ)၊ ကြက်တောင်(ကျား/မ)၊ ပိုက်ကျော်ခြင်းနှင့် အေရိုးဗစ်/ Fitness dance စသည့်သင်တန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၁၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မုဒုံမြို့၌ စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၅ ခုနှစ် (၁၅)ကြိမ်မြောက် အစိုးရဓမ္မာစရိယနှင့် (၆၈)ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာ အရှင်သူမြတ်များအား အောင်လက်မှတ်၊ စာအောင်ဆုဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းက ဣန္ဒာသယသာသနဒ္ဓ ဗိမာန်တော်၌ ကျင်းပသည်။



ဦးစွာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဂျုံးဂျုံးဂျတောရ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိဝဏ္ဏထံမှ ညှော်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒကထာ ချီးမြှင့်ပေးခဲ့သည်။ ထို့နောက် မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဓမ္မာစရိယစာအောင် သံဃာတော်၊ သီလရှင် အပါး၅၀၊ ပါဠိပထမပြန် စာအောင် သံဃာတော်၊ သီလရှင် ၂၅၃ ပါးအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

## မလှိုင်မြို့နယ်၌ နှမ်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့များပေးအပ်

**မလှိုင် ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် နှမ်းသီးနှံများအတွက် မျိုးစေ့များပေးအပ်ခြင်းနှင့် အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ဖက်ကုန်းကျေးရွာရှိ တောင်သူ ဦးဇော်မင်းအိမ်၌ ကျင်းပသည်။

မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကြည်က စိုက်ပျိုးရေးနည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး နှမ်းသီးနှံမျိုးစေ့များကို တောင်သူများသို့ ပေးအပ်သည်။

မလှိုင်မြို့နယ်အနေဖြင့် ဖက်ကုန်းကျေးရွာအုပ်စုနှင့် ထမ္မကြီးကျေးရွာအုပ်စုများတွင် နှမ်းစပါး ၅၆ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါရွှေတောင်-၁၀ ဧက ၈၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ နှမ်းသီးနှံစိုက်ပျိုးရေး အသိပညာပေးဆွေးနွေးပွဲသို့ တောင်သူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မလှိုင်(ပြန်/ဆက်)**



## အစိုးရရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြား

**ငွေဆောင် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့၌ ရှိသော နာမည်ကြီး ခရီးသွား အပန်းဖြေနေရာတစ်ခု ဖြစ်သည့် ငွေဆောင်ကမ်းခြေသို့ အစိုးရရုံးပိတ်ရက်ကာလဖြစ်သော ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)မှ စတင်ကာ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း၊ ပြည်ပ ခရီးသွား ဧည့်သည်များစွာ လာရောက်လည်ပတ် အပန်းဖြေလျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယခုလ အစိုးရရုံးပိတ်ရက် ခြောက်ရက်အတွက် ဟိုတယ်၊ တည်းခိုရိပ်သာများရှိ အခန်းအားလုံးနီးပါး ငှားရမ်းထားရပြီး ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် စုစုပေါင်း ၁၀၈၃၆ ဦး ဝင်ရောက်အပန်းဖြေလျက်ရှိကြောင်း ပြောကြားသည်။



ခရီးသွားများ၏ လုံခြုံရေး အဆင်ပြေ ချောမွေ့ရန်အတွက် လမ်းညွှန်ချက်များ ထုတ်ပြန်ထားပြီး မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များက ကမ်းခြေသန့်ရှင်းရေး၊ ယာဉ်ကြောထိန်းသိမ်းရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

## လားရှိုးမြို့၌ လေပြင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**လားရှိုး ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်ရုံးနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ အွန်လိုင်းစနစ်ဖြင့် လေပြင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အများပြည်သူအသိပညာပေး (Talk Show)အစီအစဉ်ကို ဖေဖော်ဝါရီ၁၅ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဇင်ဇင်သန့်က အွန်လိုင်းစနစ်ဖြင့် လေပြင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အများပြည်သူအသိပညာပေး (Talk Show) ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးသီရိသွယ်က လေပြင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ထိခိုက်ပျက်စီးမှု လျော့နည်းစေရေးအတွက် လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရမည့် နည်းလမ်းများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ **လူမော်(ပြန်/ဆက်)**

## စက်စဲကမ်းခြေ၌ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ၌ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေ ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ စက်စဲကမ်းခြေတွင် ရုံးပိတ်ရက် ကျောင်းပိတ်ရက်များဖြစ်သည့် ယနေ့တွင် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာရောက် ရေကစားသူများနှင့် ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား လာရောက်ဖူးမြော်ပြီးအပြန် စက်စဲကမ်းခြေသို့ ဝင်ရောက်အပန်းဖြေရေကစားသူများဖြင့်လည်း အထူးစည်ကားလျက်ရှိရာ ရေကစားသူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေ ရေကစားနိုင်ရေး လုံခြုံရေးများထားရှိပြီး ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အတွင်းရှိ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကမ်းခြေတစ်လျှောက် အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



- နိုင်ငံ့ဝန်ထမ်းများအား မည်သည့် နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ကဝမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေး

**ကဝ ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဦးစီးဌာနခွဲ၏ ဦးဆောင်မှုဖြင့် ကွင်းအမှတ် ၁၁၃၁၊ ဦးပိုင်အမှတ် (၁၅/၁) တောင်သူ ဦးကျော်ဝင်းစိန်၏ ပဲတီစိမ်း(စံပြ)စိုက်ခင်း ၁၀ ဧကတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများကွင်းဆင်း အသိပညာပေးခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးအတွက် ပညာပေးစံပြကွက်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သူဦးခင်မောင်ရီက ပဲတီစိမ်း(စံပြ)ကွက် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ ဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။ ထွက်ရှိလာသော သီးနှံများ၏ ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှုကို စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး ဌာနခွဲ၏ ISO/IEC 17025 နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ရရှိထားသော စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေး ဓာတ်ခွဲခန်း၌ စမ်းသပ်စစ်ဆေး ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**






○ *ကျောဖုံးမှ*

လီဗာပူးအသင်း ကွင်းလယ်ပိုင်းက ဆဘော့ဆလိုင်းနှင့် အလစ္စတာတို့၏ဘောလုံးဖြတ်တောက်မှုပိုင်းနှင့် ဘောလုံးဖြန့်ဝေပေးမှုအပိုင်းတို့တွင် ထိရောက်မှုရှိခဲ့ပြီး ပြိုင်ဘက်ကို အသာရစေခဲ့သည်။ လီဗာပူးအသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲကစားချိန် ၅၆ မိနစ်နှင့် ၆၈ မိနစ်တို့တွင် ဆဘော့ဆလိုင်းနှင့် ဆာလာတို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ်တွင် အသင်း၏ အကောင်းဆုံးပုံစံကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး နောက်ဆုံးပြိုင်ပွဲစုံငါးပွဲတွင် နိုင်ပွဲလေးပွဲအထိ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ပြိုင်ဘက်ဘရိုက်တန်အသင်းက အသင်းကစားပုံကောင်းမွန်မှုရှိခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိမှုနှင့် ပြိုင်ဘက်အသင်းကစားသမားများ၏ ဟန့်တားကစားပုံကောင်းမွန်မှုတို့ကြောင့် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် မန်းဖီးလ်က ဘန်လေကို နှစ်ဂိုး – တစ်ဂိုး၊ မန်စီးတီးက ဆဲလ်ဖို့ဒ်ကို နှစ်ဂိုး–ဂိုးမရှိ၊ နော့ဝှစ်ချ်က ဝက်စ်ဘရွန်းကို သုံးဂိုး–တစ်ဂိုး၊ ဆောက်သမ်တန်က လက်စတာကို နှစ်ဂိုး–တစ်ဂိုး၊ နယူးကာဆယ်က တစ်ယောက်လျှော့ အက်စ်တွန်ဗီလာကို သုံးဂိုး–တစ်ဂိုး၊ လိဒ်စ်က ဘာမင်ဂမ်ကို ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး–နှစ်ဂိုး၊ ဝုဖ်က ဂရင်စ်ဘီကို တစ်ဂိုး–ဂိုးမရှိ၊ ဆန်းဒါးလန်းက အော့စ်ဖို့ဒ်ကို တစ်ဂိုး–ဂိုးမရှိ၊ ဖူလ်ဟမ်က စတုတ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

**အောင်ဇော်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နွေအပူရှိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

### လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

### လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီအခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

၈

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## ရေချွေတာရေး နည်းလမ်းများ

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင် ပိတ်ပါ။

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ
ဗိုလ်မှူး မြင့်ဆွေ (ငြိမ်း) + ဒေါက်တာကြည်ကြည်ခင် (ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန) တို့၏ သားလတ်
**မောင်ဇင်ဗိုလ်ဆွေ**
B.E (Mechanical)
Senior Field Service Engineer, Fujifilm Myanmar Limited.
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ
ဦးသန်းထွန်း၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန + ဒေါ်နုနုဝင်း တို့၏ သမီးကြီး
**မနှင်းဟေမာန်ထွန်း**
B.Com (YUEco), Master of Banking and Finance(Final, MUEco)
Manager (Myanmar Citizens Bank)

တို့၏ ၇-၂-၂၀၂၆ ရက် (စနေနေ့)တွင် Western Park Royal ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဝဏ္ဏကျော်ထင် ဦးဝင်းမောင် (သံအမတ်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်ကြည်၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဒေါက်တာစံလင်း ပါမောက္ခချုပ်(ငြိမ်း)၊ ဟသ်ာတတက္ကသိုလ်နှင့်ဇနီး ဒေါ်နီနီဝင်း၊ ကထိက(ငြိမ်း)၊ ဗိုလ်ချုပ်ဌေးဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်နီနီဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း(ငြိမ်း) ၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဗိုလ်မှူးချုပ် ရဲချစ်ဖေ(ငြိမ်း)နှင့် ဇနီး ဒေါက်တာ ခင်မာဦး၊ ဗိုလ်မှူးချုပ် လှသန်းမောင်(ငြိမ်း)၊ ဗိုလ်မှူးချုပ် မြင့်ထွန်း(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ် ဆန်းလွင်(ငြိမ်း) နှင့် ဇနီး၊ OTS - ၅၆ မှ အရာရှိကြီးများ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ အရာရှိကြီးများနှင့် ဇနီးများ၊ စလင်းမြို့နယ်အသင်း (ရန်ကုန်)မှ အမှုဆောင်များ၊ တက္ကသိုလ်မှပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမကြီးများ၊ သတ္တဗေဒအသင်းမှ နာယကကြီး ဦးကျော်ဘုန်းလင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဟသ်ာတအသင်းသူ၊ အသင်းသားများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ကြပါသော ဗိုလ်ချုပ်တင်အေး(ငြိမ်း)နှင့် ဇနီး၊ မင်္ဂလာလက်ဖွဲ့ပေးပို့ပေးပါသော ရပ်ဝေးရပ်နီးမှ လူကြီးမင်းများ၊ သတို့သား၊ သတို့သမီးတို့၏ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော သမီးလေး ဆုရည်လင်းလက် နှင့် မစန်းမြသက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မစုမြစန္ဒီ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုယွန်းနဒီ၊ မင်္ဂလာသတို့သားအရံ မောင်အောင်သီဟသိန်းနှင့် မင်္ဂလာ သတို့သမီးအရံ မအိအိခိုင်၊ မင်္ဂလာလက်ဖွဲ့လက်ခံပေးပါသော မခင်အေးလင်း နှင့် မခင်ဝင်းဝင်းမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်နှင်းရည်သန့်၊ မေတ္တာဖြင့် သီဆိုပေးပါသော တေးသံရှင် ဖိုးကာ၊ တေးဂီတအဖွဲ့ The Aces Full Band မိတ်ကပ်ဆံပင် Calvin Waiyan နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ စုနန္ဒာ၊ မှတ်တမ်းတင် ဓာတ်ပုံ ဗီဒီယို ရိုက်ကူးပေးပါသော Pyae Phyo Photo Studio၊ ပန်းအလှဆင်မြန်းပေးပါသော Florist Floral အစစအရာရာ အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇင်ဗိုလ်ဆွေ + မနှင်းဟေမာန်ထွန်း**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )**
**ရွှေဘိုခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၀ နှင့် ဆက်နွှယ်သည့်**
**၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၄**

| | | |
|---|---|---|
| ၁။ ဦးဖုန်းကျော် } | နှင့် | { ၁။ ဦးခင်သန်း |
| ၂။ ဒေါ်သန်းသန်းဌေး | | ၂။ ဒေါ်တင်မြင့် |
| | | ၃။ ဒေါ်တင်လှ |
| (ဒီကရီအနိုင်ရသူများ) | | (တရားရှုံးများ) |

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းမြို့နေ (၁) ဦးခင်သန်း (ဘ) ဦးမောင်သန်း၊ (၂) ဒေါ်တင်မြင့် (ဘ) ဦးမောင်ရွှင်(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဖုန်းကျော် ပါ ၂ ဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀ ၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၄ ရက်၊ (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း (၈) ရက်)မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်းအောင်)
ဒုတိယခရိုင်တရားသူကြီး
ရွှေဘိုခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၃) ရပ်ကွက်၊ အကွက်အမှတ် (င-၆)၊ ဦးပိုင်အမှတ်(၁၁၁)၊ ၆၂ လမ်း၊ ၁၀၉ x ၁၁၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်စိန်၏ (SP ရရှိသူ ဦးဖောင်ကွန်ချိန် (ခ) ဦးဖောင်ကျင်ထွန်း (ခ) ဦးအဟွန်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၅၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မီမီထွန်း ၉/မရမ(နိုင်) ၀၀၅၅၇၀ က အမှုတွဲအမှတ် (၅၁၃၄/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဒေါ်မိစန်းပွင့်ဦး (၃/ဘအန(နိုင်)၃၂၂၄၈၁) ၏ (၁၄-၂-၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၉)တွင် ဦးနိုင်ဝေလင်း(ဘ) ဦးညွန့် ၅/မရန(နိုင်)၂၃၅၆၂ နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်တွင် နေထိုင်သူ မခင်ငြိမ်းချမ်း (ဘ) ဦးခင်မောင်ကြူ ၁၀/စခန(နိုင်)၀၀၂၆၃၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်-

ဒေါ်မိစန်းပွင့်ဦး ကြေညာခဲ့သည့် ဦးနိုင်ဝေလင်းနှင့် အများသိစေရန် ကြေညာခြင်းစာတွင် ဦးနိုင်ဝေလင်းတွင် 1S/7220 CHEVROLET SAIL SALOON (အဖြူရောင်မော်တော်ကားတစ်စီး) ပိုင်ဆိုင်တည်ရှိနေပါသည်။ သို့ဖြစ်ပါ၍ 1S/7220 CHEVROLET SAIL SALOON (အဖြူရောင်မော်တော်ကား) မှာ လင်မယားနှစ်ဦးပိုင်ကားဖြစ်ကြောင်း အများသိစေရန် ကြေညာခဲ့ရာ အဆိုပါ 1S/7220 CHEVROLET SAIL SALOON (အဖြူရောင်မော်တော်ကား) မှာ ကျွန်ုပ်၏ မိတ်ဆွေ မခင်ငြိမ်းချမ်း ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ကားဖြစ်ပါသည်။ အဆိုပါကားကို (၃၀-၃-၂၀၂၅) ရက်တွင် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ထားခဲ့သည့်ကားဖြစ်ပါ သည်။

ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်သည့် 1S/7220 CHEVROLET SAIL SALOON (အဖြူရောင်မော်တော်ကား) ကို ဒေါ်မိစန်းပွင့်ဦး၏ (၁၄-၂-၂၀၂၆) ရက်စွဲပါ ကြေညာချက်တွင် ဦးနိုင်ဝေလင်းပိုင်ဆိုင်ပြီး လင်မယားနှစ်ဦးပိုင် မော်တော်ကားဖြစ်ကြောင်း ကြေညာခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ပိုင်ဆိုင်သည့် ကားအပေါ် အများပြည်သူ အထင်အမြင်လွဲမှားစေပြီး ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာ ကျဆင်းခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သည့် ကားအပေါ် ဦးနိုင်ဝေလင်း ပိုင်ဆိုင်ကြောင်း၊ လင်မယား(၂)ဦးပိုင်ကားဖြစ်ကြောင်း ကြေညာချက်အား (၁၄-၂-၂၀၂၆)ရက် မြန်မာ့အလင်းသတင်းစာ စာ-၂၉ တွင် ကြေညာခဲ့သည့်အပြင် ဒေါ်မိစန်းပွင့်ဦး၏ Mi San Pwint Oo Facebook account တွင်လည်း အဆိုပါသတင်းစာကြေညာချက်အား ပိုစ့်တင်ခဲ့ပါသည်။ ဒေါ်မိစန်းပွင့်ဦး၏သတင်းစာကြေညာချက်နှင့် Facebook account ကြေညာချက်ကြောင့် ကျွန်ုပ်၏မိတ်ဆွေပိုင်ကားအပေါ် အများပြည်သူ အထင်အမြင် လွဲမှားစေပြီး ဂုဏ်သိက္ခာကျဆင်းစေသည့်အတွက် ယခုသတင်းစာ ကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း သတင်းစာတွင် မှားယွင်းကြောင်း တရားဝင်တောင်းပန်ပြီး ပြန်ကြေညာပေးရန်နှင့် အဆိုပါတောင်းပန်သည့် ကြေညာချက်ကို ဒေါ်မိစန်းပွင့်ဦး၏ Mi San Pwint Oo Facebook account တွင် ပြန်တင်ပေးရန် ကြေညာအပ်ပါသည်။ ထိုသို့ သတ်မှတ်ရက် (၇) ရက်အတွင်း တရားဝင်တောင်းပန်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မခင်ငြိမ်းချမ်း ၁၀/စခန(နိုင်)၀၀၂၆၃၉၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုလှိုင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၀၉/၂၀၁၇)**
**တိုက် ၄၉၊ အခန်း(၄၀၆)၊ ကျန်စစ်မင်းအိမ်ရာ အပိုင်း(၁)၊**
**လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၁၅၈၇၁၅၆**

## သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာဖြိုး (ဘ)ဦးမြင့်စန်း ၁၂/လကန(နိုင်)၁၉၃၂၁၆၊ အောင်ပန်းမြို့၊ ဇောတိစံပြကျေးရွာနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာဖြိုး သည် သမီး မသဲသဲသစ္စာဝင်း၊ မဝင့်ဘရဏီကို၊ မမှူးဟေသီကို၊ မောင်ဘုန်းသော်တာထက် တို့နှင့်အတူ အောင်ပန်းမြို့၊ ဇောတိစံပြကျေးရွာတွင် အတူနေထိုင်လျက်ရှိပြီး ဒေါ်ဥမ္မာဖြိုးသည် 'Phyo Phyo' အမည်ဖြင့်လည်းကောင်း၊ သမီး မဝင့်ဘရဏီကို သည် 'K' အမည်ဖြင့်လည်းကောင်း Tik Tok အကောင့်များဖွင့်လှစ်အသုံးပြုလျက် ရှိပါသည်။ အထက်ပါ Tik Tok အကောင့်၏ ပို့စ်များတွင်လည်းကောင်း၊ Chat box များတွင်လည်းကောင်း၊ Comment များတွင်လည်းကောင်း ကျွန်ုပ်မိတ်ဆွေ၏ လူမှုရေး၊ စီးပွားရေး၊ ကိစ္စရပ်များအား ထိခိုက်စေရန် ရည်ရွယ်၍ မဟုတ်မမှန် သတင်းများဖြင့် အသရေပျက်စေရန် လုပ်ကြံ ဖန်တီးရေးသားပြောဆိုခြင်းတို့အပြင် ၎င်းတို့နှင့် ပတ်သက်ဆက်နွှယ်နေသည့် ဆွေမျိုးမိတ်ဆွေများထံ မဟုတ်မမှန် သတင်းများပေးပို့ခြင်း၊ နှောင့်ယှက်ခြင်းများကို လူတစ်ဦးတစ်ယောက်မှ ပြုလုပ်လျက်ရှိသည်ဟု ကျွန်ုပ်မိတ်ဆွေ ပြောပြချက်အရ သိရှိရပါသည်။

ထိုကဲ့သို့ ကျွန်ုပ်မိတ်ဆွေ၊ မိသားစုအပါအဝင် ပတ်သက်ဆက်နွှယ်သူများ၏ ပုဂ္ဂိုလ်ရေး၊ စီးပွားရေးတို့အား ထိခိုက်နစ်နာစေရန်နှင့် အသရေပျက်စေရန် ရည်ရွယ်၍ ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြု၍ဖြစ်စေ၊ လူမှုဝန်းကျင်မှဖြစ်စေ မဟုတ်မမှန်သတင်းများ ရေးသားခြင်း၊ ပြောဆိုခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းဖြန့်ဝေမှုများကို တုန့်ပြန်၍ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ရန် ကျွန်ုပ်မိတ်ဆွေညွှန်ကြားချက်အရ တားမြစ်အပ်ပါသည်။ အကယ်၍ ထိုသို့ပြုလုပ်ထားပါကလည်း ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ဥမ္မာဖြိုး (ဘ) ဦးမြင့်စန်း**
**၁၂/လကန(နိုင်)၁၉၃၂၁၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့် (LLB) အထက်တန်းရှေ့နေ(စဉ်-၄၄၈၆၃) (၃၀-၉-၂၀၁၄)**
**အမှတ်(၅)၊ နန်းကုန်းရပ်ကွက်၊ ဟဲဟိုးမြို့**
**ဖုန်း-၀၉-၂၅၈၉၈၈၉၀၀၊ ၀၉-၉၆၅၅၈၈၉၁၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာ၊ ကွင်းအမှတ်(၅၅၉)၊ မရမ်းကွင်း၊ ဦးပိုင်အမှတ် (၁၆၉)၊ ဧရိယာ (၀ ဒသမ ၀၃၆) ဧကရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာနေ စဇော်ရဲထွဋ်မှ မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**စဇော်ရဲထွဋ်**
**မရမ်းကျေးရွာ၊ မရမ်းကျေးရွာအုပ်စု**
**ပန်းတနော်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ဈေးကုန်းရပ်နေ ဦးဟော်ကားဗဟာဒူး ယခင်(TDG-039912) ယခု (၃/သတန(နိုင်)၀၁၂၂၄၉) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၇)၊ ဈေးကုန်းရပ်ရှိ၊ အရှေ့လားသော်-ပြင်ဦးလွင်-မန္တလေးလမ်း၊ အနောက်လားသော်-ဦးသိန်းဇော်ခြံစည်းရိုး၊ တောင်လားသော်-ဒေါ်ထွေးခင်ခြံစည်း၊ မြောက်လားသော်-ဈေးကုန်းရွာလယ် လမ်းမကြီး (ပတ္တမြားသုခလမ်း) နယ်လေးရပ်အတွင်းရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံများကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟော်ကားဗဟာဒူးက ဦးကျော်တင့်ထံမှ (၈.၁၂.၉၆)ရက်စွဲပါ "နှစ်ဦးသဘောတူ ခြံမြေလွှဲပြောင်းခြင်းစာချုပ်"ဖြင့် ဝယ်ယူ၍ လွှဲပြောင်းရရှိပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်အထိ၎င်းတစ်ဦးတည်းပိုင်အဖြစ် လက်ရှိထားပိုင်ဆိုင်ထားပါကြောင်း၊ အထက်ပါမြေကွက်နှင့်ပတ်သက်၍ အမွေဆိုင်အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းမှသာ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိပါကြောင်း၊ အထက်ပါမြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံတို့ကို ကျွန်ုပ်၏မိတ်ဆွေမှ လွှဲပြောင်းရောင်းချရန် စီစဉ်ဆောင်ရွက်နေပါကြောင်းနှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁) လအတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါမြေကွက်အား ၎င်းတစ်ဦးတည်း၏ ပိုင်ရေးပိုင်ခွင့်အရ စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဟော်ကားဗဟာဒူး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၆၁)**
**ဖုန်း-၀၉-၇၉၇၆၁၃၇၁၀**

## အများသိစေရန် ကြေညာခြင်း

Myanmar Agro Growers & Processors Co.,Ltd ဒါရိုက်တာဖြစ်သူ ဦးဟန်ဇော်ထွန်း (၁၀/မလမ (နိုင်) ၂၀၆၉၀၄) ၏ လွှဲအပ်ခြင်းအရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်ဇော်ထွန်း အပါအဝင် ဒါရိုက်တာ (၃) ဦးသည် အထက်ဖော်ပြပါကုမ္ပဏီ၏ ဒါရိုက်တာနှင့် ရှယ်ယာရှင်နေရာမှ နှုတ်ထွက်ပြီး ဦးမိုဟမ်မဒ်ဖရ်ဟာန် (၁၂/ပဘတ (နိုင်) ၀၃၀၁၄၉)အား ဒါရိုက်တာနှင့်ရှယ်ယာရှင်အဖြစ် (၁၀-၂-၂၀၂၆)ရက်မှ စတင်၍ ခန့်အပ်တာဝန်ပေးလိုက်ပါသည်။ ထို့ကြောင့် (၁၀- ၂- ၂၀၂၆) ရက် နောက်ပိုင်း ဖော်ပြပါကုမ္ပဏီနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် မည့်သည့်ကိစ္စမဆို ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်ဇော်ထွန်း အပါအဝင် ယခင်ဒါရိုက်တာများနှင့် သက်ဆိုင်ခြင်း မရှိပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ခြင်းအရ**
**ဒေါ်ဆင့်သီရိခင်ဇော် (LLB, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၄၄ ) (၃၁-၇-၂၀၁၈)**
**ဖုန်း-၀၉-၄၅၁၃၈၁၂၇၂**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂) ရပ်ကွက်၊ အကွက်အမှတ် (ဒ-၁၁)၊ ဦးပိုင်အမှတ်(၃၂)၊ ၆၃(အေ)လမ်း၊ ၃၉(အေ) x ၄၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရွှမ်းရင်(ခ)ရွှမ်းရင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၄၈/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝေဝေအောင် ၉/ခအဇ(နိုင်)၀၁၂၂၆၅ က အမှုတွဲအမှတ် (၅၁၅၄/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဂုဏ်ပြုမှတ်တမ်းလွှာ

(၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲနှင့် ပြိုင်ပွဲအား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်မှ (၁၄) ရက်ထိ နေပြည်တော်ရင်ပြင်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မျှစ်နှင့်ဝါး စိုက်ပျိုးထုတ်လုပ်သူများ လုပ်ငန်းမျိုးတူစုအဖွဲ့(OROP) မှ ပြည်ထောင်စုအဆင့် ပထမဆုရရှိခဲ့သော ဦးရဲထွဋ်လင်း (ဥက္ကဋ္ဌ) Royal Shin Ye Htut Internation Co.,Ltd မှ (ဆန်းသစ်တီထွင်မှုအကောင်းဆုံးပထမဆု) နှင့် ဒေါ်နန်းခင်အုန်း (ယခင်နှစ်ဆုရရှိသူများမှတိုးတက်မှု အကောင်းဆုံး ပထမဆု)တို့အတွက် အဖွဲ့များမှ အထူးဝမ်းမြောက်ပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။

၁။ မျှစ်နှင့်ဝါးစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ (OROP)
၂။ ဝါးလက်မှုပညာရှင်များအသင်း
၃။ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း
၄။ ဘမ်ဘူးဝါးကုန်ထုတ်သမဝါယမအသင်း
၅။ သင်္ဂဟ – စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း

# ၂၀၂၆ ခုနှစ် All GTI မေဂျာပေါင်းစုံ Golf ရိုက်ပြိုင်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ဂျီတီအိုင် ကျောင်းသား/သူဟောင်းများမှ ကြီးမှူး၍ ဂျီတီအိုင် မေဂျာပေါင်းစုံ Golf ရိုက်ပြိုင်ပွဲကို ၂၈-၂-၂၀၂၆ ရက်(စနေနေ့) နှင့် ၁-၃-၂၀၂၆ ရက်(တနင်္ဂနွေနေ့) တို့တွင် နံနက် (၆:၀၀)မှ (၁၁:၀၀)နာရီအထိ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံစားပွဲနှင့် ဆုပေးပွဲအား ၁-၃-၂၀၂၆ ရက် (တနင်္ဂနွေနေ့)၊ ညနေ (၅:၀၀) နာရီ မှ စတင်ကာ ပြင်ဦးလွင်၊ နန်းမြိုင်ဟိုတယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံ ဂျီတီအိုင် ကျောင်းသား/ သူဟောင်းများအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ၁-၃-၂၀၂၆ရက်(တနင်္ဂနွေနေ့)၌ ကျင်းပမည့် မိတ်ဆုံစားပွဲနှင့် ဆုပေးပွဲအခမ်းအနားတက်ရောက်မည်ဆိုပါက ကြည်ကြည်ဝေ 91C KL – ၀၉-၇၅၅၆၅၅၈၀၅၊ ဝါဝါအေး 86C KL – ၀၉-၂၀၄၅၅၀၀ စသည့် ဖုန်းနံပါတ်များသို့ စာရင်းပေးသွင်းနိုင် ပါကြောင်းနှင့် အလှူငွေများကိုအောက်ဖော်ပြပါပုဂ္ဂိုလ်များထံတွင်ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်အသိပေး အပ်ပါသည်။

**U YE MYINT THAN CB BANK – 0121 6009 0000 4189**

**DAW KYI KYI WAI – ၀၉-၇၅၅ ၆၅၅ ၈၀၅ (KBZ Pay)**

**Daw War War Aye – ၀၉-၂၀၄ ၅၅၀၀ (KBZ Pay)**

ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ ကွင်း/အကွက်အမှတ်(၉/ခဲလယ်တောင်)၊ ဦးပိုင်အမှတ် (၄၁)၊ မြေဧရိယာ ၀ ဒသမ ၁၇၈ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအာကာညီညီ ၉/ပဥလ(နိုင်)၀၀၄၄၆၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/အကွက်အမှတ် (၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ် (၃၀-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၃၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ကျန်အပိုင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးလေးမြင့် ၉/မရမ(နိုင်)၀၅၃၄၇၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

**အလိမ္မာ စာမှာရှိ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ် (၁၄၂-ခ)၊ ၆၉လမ်း၊ ၃၈ x ၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၉၄၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သန္တာထွန်း ၅/အတန(နိုင်)၀၈၄၉၈၄ က အမှုတွဲအမှတ် (၅၁၂၈/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၃၅)၊ ဦးပိုင်အမှတ် (၂)၊ ၄၂လမ်း၊ ၅၄ x ၅၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြည့်ဖြိုးအောင် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၆၀/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လောကြူ ၁၃/နခန(နိုင်)၀၅၅၉၈၄ က အမှုတွဲအမှတ် (၅၁၅၁/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ အောင်ချမ်းသာရပ်ကွက်ရှိ အကွက်အမှတ်-၉/ရန်ကျော်မြောက်၊ ဦးပိုင်အမှတ်-၄/၁၆၈၊ မြေဧရိယာ (၀ ဒသမ ၀၈၄)ဧကမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးကော်ရှင်းလူ (ခ) ဦးမျိုးနိုင် (ဘ) ဦးဒွန်တောတန် ၁၃/ကခန(နိုင်)၀၅၅၂၁၂ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါက်တာကျော်မင်းဦး (ဘ) ဦးချစ်တင်) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်မို့မို့ကြည် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၄၉/၂၀၁၇)
ဂူကျောင်းလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့
ဖုန်း-၀၉-၄၀၁၅၈၇၂၈၆

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇

ဒေါ်ထက်ထက်ဝေ (တရားလို) နှင့် ဦးအောင်ကြွယ် (တရားပြိုင်)

